# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၈ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၈)


**ဒေသတွင်းတည်ငြိမ်ရေး ပါဝင်ပူးပေါင်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံမိသားစုဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ အပါအဝင် ငါးလုပ်ငန်းတွင် ဖူလုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသတွင်း တည်ငြိမ်မှုရှိရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိ။

## တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့်ဒေသကြီးဖြစ်ရေးမျှော်မှန်းချက်ဖြင့် အာဆီယံအဖွဲ့စတင်တည်ထောင်ခဲ့ အဖွဲ့ဝင်နိုင်ငံများ၏ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ် သိသိသာသာတိုးတက်ဖြစ်ထွန်းလာ

## အာဆီယံထိပ်သီးညီလာခံများ၏ဆုံးဖြတ်ချက်နှင့် ချမှတ်ထားသည့်လုပ်ငန်းများအထူးလိုက်နာဆောင်ရွက်လျက်ရှိ စားနပ်ရိက္ခာဖူလုံရေး၊စိုက်ပျိုးရေးနှင့်သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရေးဆွေးနွေးကြမည်မျှော်လင့်

ရန်ကုန် အောက်တိုဘာ ၇

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက်အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။**




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)**

### ဖွင့်ပွဲတက်ရောက်

ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ သားငါးနှင့် စက်မှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက၊ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်သတင်းထောက်များ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အထူးအလေးထား

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် ဒေသကြီးဖြစ်ရေး မျှော်မှန်းချက်ဖြင့် အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့ကြောင်း၊ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် မိမိတို့ ဆက်နွယ်ပူးပေါင်း ဆောင်ရွက်နေသကဲ့သို့ မိမိတို့၏ ဒေသအတွင်းတွင်လည်း အာဆီယံ စီးပွားရေးပေါင်းစည်းမှုကို အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ အဖွဲ့ဝင်နိုင်ငံများ၏ မိတ်ဆွေရင်းဆက်ဆံမှု၊ ကူးသန်းရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့တွင် ပေါင်းစည်းမှုကောင်းမွန်သည့် ရလဒ်များကြောင့် အချိန်တိုကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များသည် သိသိသာသာ တိုးတက်မှုများ ဖြစ်ထွန်းရရှိခဲ့ကြောင်း။ *စာမျက်နှာ ၈ ကော်လံ ၁* ✡



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်)

# သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာ ပိုမိုတိုးတက်ဖြစ်ထွန်းရေး အပတ်တကုတ်ကြိုးပမ်း

မျက်မှောက်ကာလသည် အနာဂတ်ကိုစိန်ခေါ်နေသော နည်းပညာခေတ်ဖြစ်သည်။ နည်းပညာခေတ်သည် တစ်နှစ်ပြီးတစ်နှစ်၊ တစ်ခေတ်ပြီးတစ်ခေတ် နည်းပညာသစ်၊ ခြေလှမ်းသစ်များစွာဖြင့် ရှေ့သို့ဦးတည်လျက်ရှိသည်။ ဤကဲ့သို့ တိုးတက်နေသည့် ခေတ်သစ်နည်းပညာ ရေစီးကြောင်းတွင် အမီလိုက်ပါနိုင်ပါမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်သည်။

ယနေ့ကမ္ဘာတွင် နည်းပညာကိုဗဟိုပြုပြီး အလွန်လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိရာ ကမ္ဘာသည် ရွာကြီးသဖွယ်ဖြစ်လာသည်။ ကမ္ဘာ့တစ်ဖက်စွန်းမှ သတင်းအချက်အလက်များသည် အခြားတစ်ဖက်စွန်းသို့ စက္ကန့်ပိုင်းအတွင်း ရောက်ရှိလျက်ရှိသည်။ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာနည်းပညာနယ်ပယ် ကျယ်ဝန်းသည်နှင့်အမျှ နိုင်ငံနှင့်လူမျိုးအတွက် များစွာအကျိုးပြုနိုင်သည်။

သတင်းနှင့်နည်းပညာရပ်များကို အခြေခံပြီး လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် ကြွင်းကျန်ရစ်မနေစေရေးအတွက် နိုင်ငံတော်က စနစ်တကျ စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းစေရေးအတွက် အခြေခံပညာအဆင့်မှ စတင်ပြီး ကွန်ပျူတာကိုအခြေခံသော ခေတ်မီသင်ကြားမှုသင်ယူမှုနည်းစနစ်များ ကျင့်သုံးဆောင်ရွက်စေခဲ့သည်။

ယင်းသို့ နည်းပညာအသုံးပြု e-Education စနစ်ကို ထူထောင်ခြင်းဖြင့် သင်ကြားမှု သင်ယူမှုကို ပိုမိုထိရောက်စေသည့်အပြင် နေရာဒေသမရွေး သင်ကြားနိုင်သဖြင့် ပညာရေးအဆင့်အတန်း ပိုမိုမြင့်မားလာသည်။

နိုင်ငံတော်တွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်စေရေးအတွက် e-ASEAN သတင်းအချက်အလက် အခြေခံအဆောက်အအုံအကောင်အထည်ဖော်ရေး၊ e-Commerce တိုးတက်မှုကို အားပေးရေး၊ လူသားစွမ်းရည်တိုးမြှင့်ရန် e-Society ပေါ်ပေါက်ရေး၊ e-Government ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူစေရေးအတွက် ဖြေလျှော့မှုများပြုလုပ်ရေး စသည့်ကဏ္ဍငါးခုကို အလေးထားဆောင်ရွက်လျက်ရှိရာ အောင်မြင်တိုးတက်မှုများ ဖြစ်ထွန်းနေပြီဖြစ်သည်။

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတိုးတက်ရေးအတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် ASOCIO အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကွန်ပျူတာလုပ်ငန်းအသင်းက ASOCIO ICT AWARD 2003 ဆုကို ချီးမြှင့်ပေးအပ်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသည် နည်းပညာနယ်ပယ်တွင် ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိရာ လာမည့်အနာဂတ်ကာလတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များသည် ဉာဏ်ရည်ထက်မြက်သူများဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရ၏ အားပေးဖြည့်ဆည်းမြှင့်တင်ပေးမှုကိုခံယူရင်း နိုင်ငံတော်က မျှော်မှန်းထားသော သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများ ပိုမိုတိုးတက်ဖြစ်ထွန်းရေးအတွက် ဇွဲ၊လုံ့လ၊ဝီရိယတို့ဖြင့် အပတ်တကုတ် ကြိုးပမ်းဆည်းပူးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



အောက်တိုဘာ ၆ ရက်က အ မ က (၁) လသာကျောင်းခန်းမဆောင်၌ လသာမြို့နယ်ကျောင်းကျန်းမာရေး ကော်မတီမှ ဦးစီးကျင်းပသော မြို့နယ်အဆင့်ကျောင်းကျန်းမာရေးအဆင့်မြှင့်ကျောင်းထူထောင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လသာမြို့နယ် ပညာရေးမှူး ဒေါ်ခင်လေးတင့်က အဖွင့်အမှာစကားပြောကြားစဉ်။ (၅၉)

## မြဝတီရုပ်မြင်သံကြား

၈-၁၀-၂၀၀၄
(သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Permutations (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၅)
၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား"** (ဒုတိယတွဲ) (အပိုင်း-၁၉)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန် အောက်တိုဘာ ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ယင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာဦးစိုးသိန်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မှတ်သားဖွယ်ရာမိုးရေချိန်

ရန်ကုန် အောက်တိုဘာ ၆

| | |
|---|---|
| မိုးညှင်းမြို့ | ၅ ဒသမ ၀၇ လက်မ |
| ရွှေကူမြို့ | ၂ ဒသမ ၅၂ လက်မ |
| ဟုမ္မလင်းမြို့ | ၂ ဒသမ ၂၈ လက်မ |
| ကသာမြို့ | ၁ ဒသမ ၉ လက်မ |

## ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း သင်ရိုးညွှန်းတမ်းရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၇

**ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းကို ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်း၌ ၂၀၀၅ခု နှစ်လယ်ပိုင်းတွင်ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ သင်တန်းကျောင်း၌ သင်ကြားပို့ချမည့်ဘာသာရပ်များ၏ သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲရေး အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### ရှင်းလင်းပြောကြား

အစည်းအဝေးသို့ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်တို့တက်ရောက်ကြပြီး ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က သင်တန်းကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းကျောင်းစီမံကိန်းကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က သရေခေတ္တရာ ရှေးဟောင်း သုတေသနနည်းပညာသင်တန်းကျောင်း၌ သင်ကြားပို့ချရန် လျာထားသော ဘာသာရပ် ၁၀ ခုကို ရှင်းလင်းတင်ပြသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့တက်ရောက်လာကြသော ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခချုပ်နှင့် ပညာရှင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသော ပညာရှင်များက သင်တန်းကျောင်း၌ သင်ကြားပို့ချမည့် GIS နည်းပညာ၊ Remote Sensingနည်းဖြင့် ဂြိုဟ်တုဓာတ်ပုံမှ ရှေးဟောင်းမြို့တော်များ ဖော်ထုတ်ခြင်းနည်းပညာ၊ ကောင်းကင်ဓာတ်ပုံနည်းပညာ၊ ရေအောက်ရှေးဟောင်းသုတေသနနည်းပညာ၊ ကွန်ပျူတာနည်းပညာ ဘာသာရပ်တို့နှင့် ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

### လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ အစည်းအဝေးအပြီးတွင် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါ်ရည်ရည်အောင်က ရှေးဟောင်းသုတေသန ဘာသာရပ်နှင့်ပတ်သက်သော စာအုပ်ငါးအုပ်ကို ရှေးဟောင်းသုတေသနဦးစီးဌာနသို့လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ပေးအပ်

**ရန်ကင်းမြို့နယ် အားမာန် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးကို အောက်တိုဘာ ၄ရက်က ကျင်းပရာ သမဝါယမ ဦးစီးအရာရှိ ဒေါ်အေးမင်းသန်းက ကုန်ဝယ်ပေါ်ပြန်အမ်းငွေကို အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်လှိုင်သို့ ပေးအပ်စဉ်။** (က-ပ)

# လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ ( ၆၃ )

မပြောရင်မဖြစ်တော့လို့ ပွင့်ပွင့်လင်းလင်း တုတ်ထိုးအိုးပေါက်ပြောဖို့ရာတွေ စေ့ဆော်ဖန်တီးလာတဲ့အတွက် ပေါက်စ ပြောရပါလိမ့်မယ်ခင်ဗျ။

အဲ – ဒီလိုပါခင်ဗျ၊ NLDပါတီက နိုင်ငံတော်အနေနဲ့ လောလောဆယ်လိုက်လျောလို့ မရသေးတဲ့ တောင်းဆိုချက်တွေကို ပါတီဝင်တွေနဲ့ ပြည်သူတွေရဲ့ တောင်းဆိုချက်ဖြစ်အောင် ပါဝင်လက်မှတ်ထိုးရေးအတွက် NLDမြို့နယ်ပါတီတွေကို ညွှန်ကြားခဲ့သဗျ။ အဲသလို ညွှန်ကြားပြီး မြို့နယ်ပါတီတွေကို အကောင်အထည်ဖော်ခိုင်းတဲ့အတွက် မြို့နယ်ပါတီတွေကလဲ ဘာတွေလျှောက်လုပ်လာသလဲဆိုတော့ ကိုယ့်ပါတီခေါင်းဆောင်တစ်ဦးအိမ်မှာ လက်မှတ်ထိုးဖို့ စာအုပ်မထားဘဲ ရပ်ထဲရွာထဲ အိမ်ပေါက်စေ့လိုက်ပြီး အလှူခံသလိုမျိုး၊ အတင်းကော၊ အဓမ္မကော၊ မလိမ့်တစ်ပတ်ကော၊ မြှောက်သလို ပင့်သလိုကော၊ မျက်ရည်ခံထိုးတာမျိုးကော နည်းလမ်းပေါင်းစုံတွေနဲ့ လက်မှတ်ထိုးဖို့ ကြိုးစားလာကြသဗျ။

သို့ကလိုတွေ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ် လုပ်ကိုင်ရှာဖွေစားသောက်နေထိုင်တဲ့ ပြည်သူတွေကို စိတ်အနှောင့်အယှက်ဖြစ်စေတဲ့ အိမ်တိုင်ရာရောက် လက်မှတ်ထိုး အလှူခံတာမျိုးတို့၊ လက်မှတ်မထိုးရင် မပြန်ဘူးဆိုပြီး ဒီမိုကရေစီ မင်းကုသဇာတ်ခင်းတာမျိုးတို့ အဲသဟာမျိုးတွေ မလုပ်ကြဘဲ ကိုယ့်ပါတီခေါင်းဆောင် တစ်ဦးဦးရဲ့ အိမ်မှာပဲဖြစ်ဖြစ်၊ ပါတီဝင်တစ်ဦးဦးရဲ့ အိမ်မှာပဲဖြစ်ဖြစ် လက်မှတ်ထိုး စာအုပ်ထားပေးဖို့ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းနဲ့ မြို့နယ်ကော်မရှင်အဖွဲ့တွေက ညွှန်ကြားခဲ့ရတယ်ဗျာ။

သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေက ရှဥ့်လဲလျှောက်သာ၊ ပျားလဲစွဲသာ ဖြစ်အောင် စီစဉ်ညွှန်ကြားပေးတာကိုပဲ ပြည်သူတွေ၊ ပါတီဝင်တွေ လက်မှတ်မထိုးရဲတဲ့အထိ အာဏာပိုင်အဖွဲ့အစည်းတွေက လိုက်လံနှောင့်ယှက်ခြိမ်းခြောက်နေသလို ပြည်ပအသံလွှင့်ဌာနတွေကတစ်ဆင့် ထုတ်လွှင့်ပြီး နိုင်ငံတော်ကို လုပ်ကြံဖန်တီးပုတ်ခတ်တာဟာ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ ကုန်ကုန်ပြောရရင် NLDပါတီအတွက် ဘယ်လိုအကျိုးစီးပွားတွေ ဖြစ်ထွန်းလာမှာလဲလို့ ပေါက်စမေးချင်သဗျ။

ဘယ်ကလောက်အထိ ပြောလာသလဲဆိုရင် NLDပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်ကြီးကိုယ်တိုင် ပြည်ပအသံလွှင့်ဌာနတွေနဲ့ ဗျူးတဲ့အခါမှာ လက်မှတ်ထိုးဖို့အတွက် အနှောင့်အယှက်ဖြစ်အောင် အစိုးရက တားဆီးခြိမ်းခြောက်နေသလို အဲသလို တားဆီးခြိမ်းခြောက်တာတွေဟာ ပြည်နယ်တွေမှာ ပိုပြီးဆိုးနေသလို တာဝန်မဲ့ ပုတ်ခတ်လာခဲ့တယ်ဗျာ။

ခုတော့ ကြေညာချက်တွေထုတ်ပြီး လက်မှတ်စုဆောင်းရေးကိစ္စကို တရားဝင်လုပ်ခွင့်ရှိတယ်ဆိုပြီး တစ်ဖက်စောင်းနင်း အယူအဆကို ရှေ့တန်းတင်ပြီး ကြေညာလာတာကို တွေ့ရတယ်ခင်ဗျ။ ယုံကြည်မှုတည်ဆောက်စဉ်က အလုပ်ဖြစ်အောင်၊ အဆင်ပြေအောင် ညှိညှိနှိုင်းနှိုင်းနဲ့ ဆောင်ရွက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်များကိုတောင် တရားခံအဖြစ်ရောက်အောင် ကြေညာချက်နဲ့ ချောက်ချတဲ့ လုပ်ပေါက်တွေကို လုပ်လာတာ တွေ့ရတယ်ဗျာ။ ထုတ်ပြန်ထားတဲ့အမိန့်၊ ကြေညာချက်တစ်ခုဟာ နောက်ထပ်အမိန့်၊ ကြေညာစာတွေနဲ့ ပယ်ဖျက်ခြင်းမပြုမချင်း အလိုအလျောက် ပျက်ပြယ်တယ်ဆိုတာ မရှိဘူးခင်ဗျ။ ဒီလောက်တော့ နားလည်ဖို့ ကောင်းတာ ပေါ့ဗျာ၊ အဲ့ဒါတောင် NLDပါတီတာဝန်ရှိသူတွေဟာ သက်ဆိုင်ရာ တာဝန်ရှိသူများက ရှဥ့်လဲလျှောက်သာ ပျားလဲစွဲသာဆိုတဲ့ အခြေအနေနဲ့ စီစဉ်ပေးတာကို နားမလည်ကြဘူးဗျာ။

ဘယ်လိုတွေလဲဗျာ၊ ရှင်းနေတာကို ရှုပ်အောင်လုပ်ပြီး ရှုပ်နေတာကို ရှင်းမရအောင် လုပ်ချင်ကြတဲ့ သဘောထားမျိုးရှိတဲ့ လူပုဂ္ဂိုလ်နဲ့ပါတီက ဒီမိုကရေစီကို မြန်မာပြည်မှာ ဘယ်လိုတည်ဆောက်ကြမှာလဲလို့ ပေါက်စ ခေါင်းစားလာသဗျာ။

တစ်ခုတော့ရှိသဗျ၊ လူပုဂ္ဂိုလ်ဖြစ်စေ၊ ပါတီအဖွဲ့အစည်းဖြစ်စေ မွေးရာပါ ‘ဇ’လေးတွေ ရှိတတ်တော့ အခုလို မဖြစ်ညစ်ကျယ် မလည်ရှုပ်အလုပ်မျိုးကို NLDပါတီခေါင်းဆောင်အချို့နဲ့ ပါတီဝင်အချို့က လုပ်ခဲ့ဖူး၊ ကိုင်ခဲ့ဖူးတာတွေ ပေါက်စ နတ်သံနှောပြီး သက်သေအဖြစ် ပြောရဦးမှာပေါ့ဗျာ။

အဲ–မြန်မာပြည်သူခုနစ်ရက်သားသမီး အပေါင်းလဲ မှတ်မိကောင်း မှတ်မိလိမ့်မယ် ထင်မိတယ်ခင်ဗျာ။ ဟို–လွန်ခဲ့တဲ့ ၁၉၈၉ ခုနှစ်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမယ့် ခေါင်းဆောင်အဖြစ် NLD ပါတီခေါင်းဆောင်တစ်ဦးကို ပါတီပေါင်းစုံက ရွေးချယ်ပါတယ်ဆိုပြီး အစည်းအဝေးတက်ရောက်ကြောင်း ပါတီပေါင်းစုံ ကိုယ်စားလှယ်တွေ လက်မှတ်ထိုးထားတဲ့ စာရွက်ကြီးနဲ့ NLD ဥက္ကဋ္ဌ (ယခု ဒုဥက္ကဋ္ဌ) ခေါင်းဆောင်တဲ့ အလုပ်အမှုဆောင်အချို့က လာတင်ပြနေတဲ့ အချိန်မှာ အစည်းအဝေးက မပြီးသေးတဲ့အပြင် ဘာဆုံးဖြတ်ချက်မှုမချနိုင်သေးဘဲ တက်ရောက်လာတဲ့ ပါတီပေါင်းစုံ ကိုယ်စားလှယ်တွေနဲ့ ပြဿနာဖြစ်နေတဲ့ အချိန်ဖြစ်သဗျ။ အဲ-နည်းနည်းလေး ဇာတ်ရည်လည်အောင် ပြောရရင် အစည်းအဝေးကို NLD ပါတီက ဦးဆောင်ပြီးဖိတ်တယ်ဗျ။ ဒါပေမယ့် အစည်းအဝေးကို ဘာအတွက်ဖိတ်တယ်ဆိုတာ အကြောင်းအရာမဖော်ပြဘဲ အစည်းအဝေးလုပ်တော့မှ အစိုးရနဲ့တွေ့ဖို့ ပါတီပေါင်းစုံရဲ့ ကိုယ်စားလှယ်တစ်ဦး ရွေးချယ်ရေးအတွက် ဖြစ်တယ်လို့ ကြေညာသတဲ့ခင်ဗျာ။ အဲဒီနောက်တော့ NLDပါတီ ခေါင်းဆောင်တစ်ဦးကို NLDပါတီကိုယ်စားလှယ်တွေကပဲ အဆိုတင်ကြ၊ ထောက်ခံကြနဲ့ အတိုင်အဖောက်လုပ်ကြသတဲ့ဗျာ။ အဲသလိုမျိုး တစ်ဦးတည်းမရွေးဘဲ ကော်မတီသဘောမျိုး ရွေးသင့်တဲ့အကြောင်း ဝါရင့်သမ္မာရင့် နိုင်ငံရေးခေါင်းဆောင်ဟောင်းတစ်ဦးက ဆွေးနွေးတဲ့အခါမှာ ပါတီဝင်လူငယ်တွေက ဝိုင်းပြီး လှောင်ပြောင်ပုတ်ခတ်ကြတယ်ဗျာ။ နောက်ဆုံးစာရင်းချုပ်လိုက်တဲ့အခါမှာ ဘာဆုံးဖြတ်ချက်မှုမချနိုင်ဘဲ ပျက်သွားတဲ့ အစည်းအဝေး တက်ရောက်သူတွေထိုးထားတဲ့ လက်မှတ်တွေနဲ့ လိမ်ခဲ့ကြတာဟာလဲ NLDပါတီရဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှု လက်မှတ်ထိုး သမိုင်းမှတ်တိုင်တစ်ခုဖြစ်တယ်ဗျာ။

## ပေါက်စ

ရှိသေးသဗျ၊ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲပြီးစကာလမှာ မန္တလေးတိုင်း NLDပါတီခေါင်းဆောင်တွေ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပါတီခေါင်းဆောင်တွေ၊ ပါတီဝင်တွေက လွှတ်တော်ခေါ်ပေးဖို့ တောင်းဆိုတယ်လို့ လက်မှတ်ထိုးထားတဲ့စာရွက်တွေနဲ့ တင်ပြကြ၊ ဖြန့်ဝေစာတွေ ဖြန့်ကြဆိုတာမျိုးတွေ လုပ်လာတဲ့အတွက် သက်ဆိုင်ရာက စိစစ်လိုက်တော့ မန္တလေးမှာ လက်မှတ်ထိုးတယ်ဆိုတဲ့ ပုဂ္ဂိုလ်က ရန်ကုန်မှာရောက်နေတာတို့၊ ကသာ၊ မြစ်ကြီးနားရောက်နေတာတို့၊ လက်မှတ်ထိုးပါတယ်ဆိုတဲ့ပုဂ္ဂိုလ်က ဘာမျှလဲမသိရ၊ လက်မှတ်လဲ မထိုးပါဆိုပြီး ကန့်ကွက်ဖြေရှင်းတာတို့၊ အဲသလိုတွေ မဖြစ်ညစ်ကျယ် လူလည်လုပ်တဲ့ အထုပ်စုတ်ကြီးပြေကျသွားဖူးတဲ့ NLDပါတီရဲ့ ဒီမိုကရေစီရေး ကြိုးပမ်းမှုသမိုင်းအစဉ်အလာလဲ ရှိခဲ့ဖူးပါတယ်ခင်ဗျာ။

အခုလဲပဲ NLDပါတီက ဘာညာကွိကွ တောင်းဆိုချက်တွေ ချမှတ်ပြီး သကာလ ပါတီဝင်များ၊ ပြည်သူများပါဝင်လက်မှတ်ရေးထိုး တောင်းဆိုဖို့အတွက် စည်းရုံးရေးနယ်မြေအလိုက် မြို့နယ်၊ ပြည်နယ်နဲ့တိုင်းတွေကို စာရွက် စာတမ်းများ ပေးပို့ညွှန်ကြားခဲ့တယ်ဗျာ။ နောက်ဆက်တွဲ အမှာစကားရှိလိုက်တာ ကတော့ **ပါတီဝင်များအနေနဲ့ မြို့နယ်အလိုက်လက်မှတ်ရေးထိုးတဲ့ အင်အားအရေအတွက် များများရသူတွေကို တိုင်းစည်းရုံးရေးကော်မတီ အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးမယ်လို့** ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဒီမိုကရေစီမက်လုံး စကားလက်ဆောင်လေး ပေးလိုက်ပါသတဲ့ခင်ဗျာ။

အဲသလိုတွေ ညွှန်ကြားပြီး မကြာသောကာလမှာပဲ ဗွေဆော်ဦး ပဏာမခြေဆင်းအနေနဲ့ လုပ်ချလိုက်တာကတော့ ၂၀၀၄ခုနှစ် ဇူလိုင်လ၁၉ရက်နေ့က NLDရုံးမှာ ပြုလုပ်တဲ့ အာဇာနည်နေ့ အခမ်းအနားကို တက်ရောက်လာသူ ပါတီဝင်များ အပါအဝင် ဧည့်ပရိသတ်များအားလုံး တောင်းဆိုချက်စာအုပ်မှာ လက်မှတ်ထိုးခိုင်းသတဲ့ဗျာ။ အနှီကဲ့သို့သော အာဇာနည်နေ့ကို အရင်းလုပ်ပြီး နိုင်ငံရေး အမြတ်ထုတ်တဲ့ ရောင်တော်ပြန် ရောလွှတ်သလို အလုပ်မျိုးလုပ်တာဟာလဲ NLDပါတီရဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှု သမိုင်းရေးဖြစ်စဉ်ကြီးအဖြစ် မှတ်တမ်းတင်ပေးပါမယ်ခင်ဗျာ။

၂၀၀၄ခုနှစ် ဩဂုတ်လ ၅ရက်နေ့မှာ မင်္ဂလာဒုံမြို့နယ် NLD လူငယ်အဖွဲ့ဝင် အောင်သူနဲ့စိန်လွင်တို့နှစ်ဦးက မင်္ဂလာဒုံမြို့နယ် (၁/က)ရပ်ကွက် (၈)လမ်းနေ ဒေါ်ညွှန့်ညွှန့်ရီကို လက်မှတ်ရေးထိုးမပေးလို့ဆိုပြီး မချေမငံပြောသွားတဲ့အတွက် ဒေါ်ညွှန့်ညွှန့်ရီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို တိုင်ကြားခဲ့တယ်ဗျာ။

ရှိသေးသဗျ၊ ဇူလိုင်လ ၂၇ရက်နဲ့ ဩဂုတ်လ ၃ရက်နေ့တွေမှာ သုံးခွမြို့နယ် NLD ဦးမြဇင်နဲ့ ဦးလှစိုးတို့က အုန်နဲ့ကန်ကျေးရွာနေ ဦးခင်မောင်မြင့် အပါအဝင် ရွာသား၁၃ဦးကို ရေကန်မှာဒိုက်ဆယ်ဖို့နဲ့ သာရေးနာရေးလုပ်ဖို့ဆိုပြီး အမှန်မပြောဘဲ လိမ်လည် လက်မှတ်ထိုးခိုင်းတဲ့အတွက် ဦးခင်မောင်မြင့် အပါအဝင် ရွာသား ၁၃ဦးက မြို့နယ်ကော်မရှင်ကို တိုင်ကြားရပြန်သတဲ့ဗျာ။

အဲသလိုပဲပေါ့လေ၊ ဇူလိုင်လ၃၁ရက်နေ့ကလဲ သထုံမြို့နယ် NLD ဘဏ္ဍာရေးမှူး ဦးကြည်လှိုင်ဟာ သထုံမြို့ မိုးညှင်းဘုန်းတော်ကြီးကျောင်းမှာ ဥပုသ်စောင့်ရင်း ကျောင်းထိုင်ဆရာတော် အပြင်လဲကြွသွားရော ဥပုသ်သည် ၁၀ ဦးကို တောင်းဆိုချက်စာရွက်မှာ လက်မှတ်ရေးထိုးဖို့ စည်းရုံးပြန်သတဲ့ဗျာ။ အဲသဟာကလဲ NLD ပါတီရဲ့ ဥပုသ်သည်တောင် မရှောင်တဲ့ လိပ်ဥတူး ဒီမိုကရေစီရေး ကြိုးပမ်းမှု တစ်ခန်းရပ်ပြဇာတ်အဖြစ် သမိုင်းတွင်ရစ်မှာပေါ့ခင်ဗျာ။

လာသေးသဗျ၊ ဇူလိုင်လ ၂၉ရက်နေ့နဲ့ ဩဂုတ်လ ၁ရက်မှာ အမရပူရမြို့နယ် NLD ဥက္ကဋ္ဌ ဦးလှမြင့်နဲ့ ရွေးချယ်ခံကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်ရဲ့ဇနီး ဒေါက်တာယုယုမေတို့ကလဲ ဇောခိသံတောင်ဘုရားဓမ္မာရုံမှာ ပြောင်းရွှေ့ နေထိုင်ကြတဲ့ ရေဘေးဒုက္ခသည်အချို့ကို အခမဲ့ဆေးဝါးကုသပေးခဲ့မယ်လို့ အကြောင်းပြပြီး တောင်းဆိုချက်စာရွက်ပေါ်မှာ ရေဘေးဒုက္ခသည် ၂၅ဦးရဲ့ လက်မှတ် ရယူသွားပြန်သတဲ့ဗျာ။ အဲသဟာကလဲ NLD ရဲ့ ဆေးပေးပြီး လက်မှတ်ထိုးယူတဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှု နိဿရည်းအဖြစ် ကမ္ပည်းတင်သင့်သပေါ့ဗျာ။

အဲ–အဲ–ထိုနည်းလည်းကောင်းပေါင်း များစွာတွေဖြစ်ကြတဲ့ နတ်မောက်မြို့နယ် ဈေးရပ်ကွက်နဲ့ ပိတ်ချင်းတောရွာ၊ မကွေးမြို့ မြို့မအိုးဘိုရပ်ကွက်၊ မိုးညှင်းမြို့နယ် အုတ်ကျင်းရပ်ကွက်နဲ့ ကန်ကြီးကုန်းကျေးရွာ၊ တွံတေးမြို့နယ် မဗေဒါ ၃လမ်းနဲ့ အိုးဘိုအနောက်ရပ်ကွက်၊ မြင်းခြံမြို့နယ် မြောက်ကုန်းကျေးရွာ၊ မင်းတုန်းမြို့နယ် ကံမမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ကလေးမြို့နယ်၊ သထုံမြို့နယ် ဒေးဗရိန်းရွာ၊ ပဲခူးမြို့နယ် ထန်းတောကြီးကျေးရွာ၊ ရန်ကုန်တိုင်း ကြည့်မြင်တိုင် တစ်ဖက်ကမ်း အောက်ရုံကျေးရွာ၊ ပျော်ဘွယ်မြို့နယ် သီးကုန်းကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ် အပါအဝင် မြို့နယ်တွေ၊ ရပ်ကွက်တွေ၊ ကျေးရွာတွေက ပြည်သူတွေကို NLD ပါတီ မြို့နယ်အဆင့်၊ ရပ်ကွက်ကျေးရွာအဆင့် ခေါင်းဆောင်တွေက အရက်တိုက် မြှောက်ပင့်သွေးဆောင်ပြီး လက်မှတ်ထိုးခိုင်းတာ၊ ရဟန်းသံဃာတော်များအပါအဝင် ကျေးရွာပြည်သူတွေကို မလိမ့်တစ်ပတ် လိမ်ညာပြီး လက်မှတ်ထိုးယူခဲ့တာ၊ မရှိတဲ့ လူအမည်စာရင်းတွေနဲ့ လက်မှတ်ထိုးပြီး ပါတီဌာနချုပ်ကို လိမ်လည်ပေးပို့နေတာ၊ သက်ဆိုင်ရာ ကာယကံရှင်ပုဂ္ဂိုလ်တွေမသိဘဲ လက်မှတ်အတုတွေ ရေးထိုးပြီး ပါတီဌာနချုပ်ကို လိမ်လည်ပေးပို့နေတာ၊ ရင်းနှီးခင်မင်မှုကို အလွဲသုံးစားလုပ်ပြီး အတင်းအဓမ္မ လက်မှတ်ထိုးခိုင်းတာ အဲသဟာတွေကို မခံမရပ်နိုင်ဖြစ်လာကြတဲ့ ပြည်သူတွေက သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းတွေနဲ့ မြို့နယ်ကော်မရှင်တွေမှာ တုံ့ပြန်တိုင်ကြားနေကြတယ်လို့ ပေါက်စ လေ့လာသိရှိလာတယ်ဗျာ။ အဲ–တစ်နည်းပြောမယ်ဆိုရင်လဲ NLD ပါတီရဲ့ မြို့မေတ္တာခံယူတဲ့ ဒီမိုကရေစီရေး ကြိုးပမ်းမှုအတွက် သက်ရောက်လာတဲ့ အကျိုးဆက်တရားဖြစ်တယ်လို့ ဆိုနိုင်သပေါ့ဗျာ။

ရှင်းရှင်းလေးပဲခင်ဗျ၊ အခုလိုမျိုး NLD ပါတီရဲ့ ဒီမိုကရေစီရေးကြိုးပမ်းမှုတွေဟာ ပါတီဌာနချုပ်ကပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်ကြီးဗျူးသလို အာဏာပိုင်တွေအနေနဲ့ လက်မှတ်ရေးထိုးမယ့်ပြည်သူတွေကိုတားဆီးနှောင့်ယှက်နေတာလား၊ NLDပါတီကပဲ လက်မှတ်မထိုးချင်တဲ့ ပြည်သူတွေကို အတင်းအဓမ္မနှောင့်ယှက်နေတာလားဆိုတာပဟေဠိလိုအဖြေညှိစရာတောင်မလိုတော့ပါဘူးဗျာ။

**NLD ဥက္ကဋ္ဌကြီးထံကို နေ့စဉ်နှင့်အမျှ အနယ်နယ်အရပ်ရပ်က ကျွန်တော်/ ကျွန်မတို့ရဲ့ လက်မှတ်ရေးထိုးချက်တွေကို ပြန်လည်ရုပ်သိမ်းပါတယ်ဆိုတဲ့ စာတွေ၊ ကျွန်တော်တို့ နာမည်တွေပါသွားတယ်လို့ သိရတဲ့အတွက် ပယ်ဖျက်ပေးပါလို့ဆိုတဲ့ စာတွေ၊ ကျွန်တော်တို့၊ကျွန်မတို့ NLD ကို မထောက်ခံပါဘူး၊ အဲဒီမှာပါတဲ့ အမည်စာရင်းနဲ့လက်မှတ်တွေဟာ အတုတွေပါဆိုတဲ့ စာတွေက သက်သေခံနေပါတယ်။ အဲဒီလိုစာမျိုးတွေ မြို့နယ်အသီးသီးက ကော်မရှင်ရုံးတွေမှာလဲ တစ်ပုံကြီးရောက်နေတယ်လို့ ကြားသိနေပါတယ်ခင်ဗျ။**

အဲ–NLD ပါတီဌာနချုပ်အနေနဲ့ ၂၀၀၄ခုနှစ် ဩဂုတ်လ ၉ရက်နေ့က တောင်းဆိုချက် လက်မှတ်ရေးထိုးတဲ့စာရင်းစာအုပ်ကို ပါတီဝင်တွေရဲ့အိမ်မှာပဲ ထားပြီး လက်မှတ်ရေးထိုးကြဖို့နဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေကို သွားရောက်ပြီး လက်မှတ်ရေးထိုးခိုင်းတာတွေ မလုပ်ကြဖို့ ညွှန်ကြားထားပေမယ့် အောက်ခြေပါတီဝင်တွေက ညွှန်ကြားချက်အတိုင်း မလိုက်နာဘဲ ထင်ရာစိုင်းတဲ့ ဒီမိုကရေစီ မြင်းရိုင်းစီးပြနေကြတော့ ပါတီဌာနချုပ်လဲ ငုတ်တုတ်ထိုင်ကြည့်နေရတာပဲ မဟုတ်လားဗျာ။

တစ်ခုတော့ရှိသပေါ့ဗျာ၊ **အောက်ခြေပါတီဝင်တွေကလဲ လက်မှတ်ရေးထိုးတဲ့ အင်အားများများရအောင်လုပ်နိုင်တဲ့ပါတီဝင်တွေကို ပါတီ တိုင်းစည်းရုံးရေးကော်မတီအဖွဲ့ဝင် ခန့်မယ်ဆိုတဲ့ ပါတီဌာနချုပ်ရဲ့ ဒီမိုကရေစီမက်လုံးပေးထားတဲ့ အမှာစကားရှိနေတော့ အဲဒီအမှာစကားအပေါ် အားထားယုံကြည်စွာနဲ့ တိုင်းစည်းရုံးရေးကော်မတီအဖွဲ့ဝင် ဖြစ်ရေးအတွက် ဒီမိုကရေစီရေးကြိုးပမ်းမှု ပန်းတိုင်အဖြစ် ပွဲကြမ်းကြတာလဲ ဖြစ်နိုင်သပေါ့ဗျာ။**

ကဲ – ပေါက်စ စကားဖြတ်လို့ အနားသတ်ရရင် NLD ပါတီဝင်တွေရဲ့ အခုလိုမျိုးလက်မှတ်ရေးထိုးတဲ့ ဒီမိုကရေစီရေး ကြိုးပမ်းမှုအစဉ်အလာသမိုင်းကြောင်းဟာ လွန်ခဲ့တဲ့ ၁၉၈၉–၉၀ပြည့်နှစ်တွေကစပြီး လက်ရဲဇက်ရဲလုပ်လာခဲ့တဲ့ NLDပါတီရဲ့ မွေးရာပါ ‘ဇ’ဖြစ်တာမို့ ပေါက်စ ခံစားနားလည်စွာနဲ့ **လိပ်ဖြစ်ရင်တောင်ခေါင်းမပြူဝံ့ပါဗျာ** လို့ပဲ စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာလိုက်တယ်ဗျာ။ ။

NLD ဥက္ကဋ္ဌကြီးထံကို နေ့စဉ်နှင့်အမျှ အနယ်နယ်အရပ်ရပ်က ကျွန်တော်/ ကျွန်မတို့ရဲ့ လက်မှတ်ရေးထိုးချက်တွေကို ပြန်လည်ရုပ်သိမ်းပါတယ်ဆိုတဲ့ စာတွေ၊ ကျွန်တော်တို့ နာမည်တွေပါသွားတယ်လို့ သိရတဲ့အတွက် ပယ်ဖျက်ပေးပါလို့ဆိုတဲ့ စာတွေ၊ ကျွန်တော်တို့၊ ကျွန်မတို့ NLD ကို မထောက်ခံပါဘူး၊ အဲဒီမှာပါတဲ့ အမည်စာရင်းနဲ့ လက်မှတ်တွေဟာ အတုတွေပါဆိုတဲ့ စာတွေက သက်သေခံနေပါတယ်။ အဲဒီလိုစာမျိုးတွေ မြို့နယ်အသီးသီးက ကော်မရှင်ရုံးတွေမှာလဲ တစ်ပုံကြီးရောက်နေတယ်လို့ ကြားသိနေပါတယ်ခင်ဗျ။

# အောက်တိုဘာ ၆ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၆၄ ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၇

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

**သေဆုံး**

အောက်တိုဘာ ၆ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၆၄ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၀၉ ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၅ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၂၆ဦးဖြစ်ပြီး ယင်းအနက် ၇၀၀မှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

## မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# ဖော်လူဂျာအား ကန်တို့ လေကြောင်းမှထပ်မံတိုက်ခိုက် အီရတ်ပြည်သူ ခုနစ်ဦးသေ၊ ၁၄ဦး ဒဏ်ရာရရှိ

ဖော်လူဂျာ အောက်တိုဘာ ၆

**အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများ ပုန်းအောင်းနေသည်ဟု သင်္ကာမကင်းသော ဖော်လူဂျာမြို့တွင်းရှိ နေရာများကို အမေရိကန်တို့က လေကြောင်းမှ နေ၍ တနင်္လာနေ့ အစောပိုင်းနာရီများတွင် တိုက်ခိုက်ခဲ့သဖြင့် လူခုနစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း အဆိုပါဖော်လူဂျာမြို့ရှိဆရာဝန်တစ်ဦးက တနင်္လာနေ့၌ ပြောကြားလိုက်သည်။**

ဖော်လူဂျာမြို့၏ ဆင်ခြေဖုံးတွင် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားအဖွဲ့၂၅ဖွဲ့ခန့်လက်နက်များရွှေ့ပြောင်းနေသော အဆောက်အအုံကို ဦးစွာ ပထမ အမေရိကန် လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

**တိုက်ခိုက်**

နောက်နှစ်နာရီအကြာ၌ အီရတ်ခုခံ တိုက်ခိုက်ရေး ပြောက်ကျားခေါင်းဆောင်အဘူမူဆက်အယ်လ်ဇာကာဝီ၏ နောက်လိုက်များ အစည်းအဝေးပြုလုပ်နေသည်ဟု ယူဆသောအိမ်တစ်အိမ်ကို အမေရိကန်လေယာဉ်များက ဒုတိယအကြိမ် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က ကြေညာချက် ထုတ်ပြန်သည်။ ထိုသို့ တိုက်ခိုက်မှုကြောင့် လူမည်မျှ သေဆုံးသည်ဆိုသည်ကို ကြေညာချက် မထုတ်ပြန်သော်လည်း ဖော်လူဂျာမြို့ရှိ ဆရာဝန်တစ်ဦးက ယင်းသို့တိုက်ခိုက်သဖြင့် လူခုနစ်ဦး သေဆုံးပြီး ၁၄ဦး ဒဏ်ရာရကြောင်း၊ အချို့မှာ ကလေးများဖြစ်ကြောင်း ပြောကြားသည်။

**ပါဝင်**

အမေရိကန် တပ်ဖွဲ့များသည် ဇာကာဝီ၏ ကွန်ရက်အဖွဲ့များကို လေကြောင်းမှနေ၍ တိုက်ခိုက်ခဲ့သည်မှာ တစ်ပတ်ကြာမျှ ရှိသွားပြီဖြစ်ပြီး ယင်းသို့တိုက်ခိုက်မှုကြောင့် သေဆုံးရသော အပြစ်မဲ့ အရပ်သားများတွင် အမျိုးသမီးများနှင့် ကလေးငယ်များ ပါဝင်ခဲ့သည်။

ဖော်လူဂျာမြို့နေ လူထုက အမေရိကန်စစ်ဘက်သည် လက်လွတ်စပယ်လုပ်နေကြောင်း စွပ်စွဲပြောဆိုခဲ့ကြသည်။ **အမ်အင်အေ၊ ရိုက်တာ**



ဘဂ္ဂဒက်မြို့ အစိမ်းရောင်နယ်မြေအနီး ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာတွင် အီရတ်တစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဆက်ဒမ်နှင့် အယ်လ်ခိုင်ဒါ အဆက်အသွယ်ရှိသည်ဆိုမှု ခိုင်မာသောအထောက်အထား မရှိကြောင်း ရမ်းစ်ဖဲလ် သိရှိခဲ့

ဝါရှင်တန် အောက်တိုဘာ ၆

**အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းမပြုမီ၌ ဆက်ဒမ်ဟူစိန်နှင့် အယ်လ်ခိုင်ဒါအဖွဲ့ အဆက်အသွယ်ရှိကြောင်း ပြောဆိုနေခဲ့ကြလင့်ကစား ဆက်ဒမ်ဟူစိန်နှင့် အယ်လ်ခိုင်ဒါတို့ အဆက်အသွယ်ရှိသည်ဆိုသော ခိုင်မာသည့် သက်သေအထောက်အထားမရှိကြောင်း မိမိသိထားခဲ့သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစ်ဖဲလ်ကတနင်္လာနေ့၌ပြောကြားခဲ့သည်။**

ဒေါ်နယ်ရမ်းစ်ဖဲလ်သည် နယူးယောက်တွင် နိုင်ငံခြားဆက်ဆံရေးဆိုင်ရာ ကောင်စီရှေ့မှောက်၌ အမေးအဖြေပြုလုပ်ရာတွင် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**ပြောကြား**

ယင်းသို့ အမေးအဖြေပြုလုပ်ရာ၌ ၂၀၀၁ခုနှစ် စက်တင်ဘာ၁၁ရက်တွင် အမေရိကန်ပြည်ထောင်စုအား တိုက်ခိုက်ခဲ့သည်ဟု အပြစ်တင်ထားသော အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်ဒမ်ဟူစိန် မည်သို့မည်ပုံဆက်စပ်မှုရှိသည်ဆိုခြင်းကို ရှင်းလင်းပြောဆိုရန် ရမ်းစ်ဖဲလ်အား မေးမြန်းခဲ့ရာတွင် ရမ်းစ်ဖဲလ်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ဖယ်ရှား**

အမေရိကန်နှင့် အပေါင်းပါတပ်များသည် ၂၀၀၃ ခုနှစ် မတ်လထဲ၌ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ကာ ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏အစိုးရအဖွဲ့ကို ဖယ်ရှားပစ်ခဲ့သည်။ အမေရိကန် ပြည်ထောင်စုက အီရတ်အား ဆင်နွှဲခဲ့သည့် စစ်ပွဲသည် တရားမျှတမှုရှိကြောင်း အဓိကအကြောင်းပြခဲ့သည်မှာ ပိတ်ပင်တားမြစ်ထားသော အီရတ်လက်နက်များ၏ ခြိမ်းခြောက်မှုအနေအထားဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

**ဆာမာရာမြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# အီရတ်အမျိုးသားပြတိုက်မှ ရှေးဟောင်းပစ္စည်းများ ဂျော်ဒန် အကောက်ခွန်ဌာနက ဖမ်းဆီးရမိခဲ့

အမ္မာန် အောက်တိုဘာ ၆

**အီရတ်နိုင်ငံမှ ရှေးဟောင်းပစ္စည်းခြောက်မျိုးကို ဂျော်ဒန်အကောက်ခွန်အမှုထမ်းများက ဖမ်းဆီးမိကြောင်း ဂျော်ဒန်ရုပ်မြင်သံကြားသတင်းဌာနက တနင်္ဂနွေနေ့တွင် ထုတ်လွှင့်ဖော်ပြခဲ့သည်။**

အဆိုပါရှေးဟောင်းပစ္စည်းများတွင် အမျိုးအစားများနှင့် နှစ်သက်တမ်းများကို အညွှန်းကတ်ပြားများပါရှိကြောင်း၊ ဂျော်ဒန်အကောက်ခွန်အာဏာပိုင်အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် မာမွတ်ကူတီရှတ်က ပြောကြားသည်။

ယင်းဖမ်းဆီးရမိသော ရှေးဟောင်းပစ္စည်းများသည် အီရတ်အမျိုးသားပြတိုက်ပိုင်ပစ္စည်းများဖြစ်ကြောင်း အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက ကျူးကျော်စစ်ပွဲဆင်နွှဲခဲ့ပြီးနောက် အီရတ်အမျိုးသားပြတိုက်မှ ပစ္စည်းများ အများအပြားပျက်စီးပျောက်ဆုံးခဲ့ရကြောင်း ဂျော်ဒန်အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်မာမွတ်ကပြောကြားသည်။

**ဖမ်းဆီးခဲ့**

ယခုဖမ်းဆီးရမိသော ရှေးဟောင်းပစ္စည်းများမှာ သက်တမ်းအားဖြင့် ဘီစီ၁၅၀မှ ဘီစီ၁၅၀၀ ခန့်မှပစ္စည်းများဖြစ်သည်ဟု အညွှန်းကတ်ပြားများအရ သိရှိရသည်။ အဆိုပါပစ္စည်းများကို အီရတ်နိုင်ငံမှလာသော မော်တော်ယာဉ်တစ်စီးမှ နေ၍ စနေနေ့တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ယင်းမော်တော်ယာဉ်သည် အယ်ကာရာမက်နယ်စပ်မှ ဂျော်ဒန်နိုင်ငံသို့ဝင်ရောက်ရန် ကြိုးစားစဉ် ဖမ်းဆီး ခဲ့ခြင်းဖြစ်သည်။ ဂျော်ဒန်အကောက်ခွန်ဝန်ထမ်းများက လွန်ခဲ့သည့် ၂၀၀၃ခုနှစ် ဇွန်လမှစ၍ အီရတ်ရှေးဟောင်းပစ္စည်းအမျိုးအစား ၁၅၀၀ ကျော်ကို ဖမ်းဆီးမိခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အရပ်သားများဟု ယုံကြည်ရသူ ဗြိတိသျှလူမျိုးသုံးဦး ဘဂ္ဂဒက်မြို့လယ်ရှိ နေအိမ်များမှနေ၍ ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် အောက်တိုဘာ ၆

**အရပ်သားများဟု ယုံကြည်ရသူ ဗြိတိသျှလူမျိုးသုံးဦးအား ဘဂ္ဂဒက်မြို့လယ်ကောင်ရှိ ၎င်းတို့၏ နေအိမ်များမှ သေနတ်သမားများက ကြာသပတေးနေ့ အစောပိုင်း၌ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။**

ထိုဗြိတိသျှလူမျိုးသုံးဦးသည် အစိမ်းရောင်ဒေသ၌ မနေကြသော နိုင်ငံခြားသား စီးပွားရေးလုပ်ကိုင်သူများနှင့် ကန်ထရိုက်များနေထိုင်ရာ အယ်လ်မန်ဆူအရပ်၌ နေထိုင်ကြသူများ ဖြစ်ကြသည်။

ဘဂ္ဂဒက်ရှိ ဗြိတိသျှသံရုံးအရာရှိများက အဆိုပါသတင်းကို အတည်ပြုနိုင်ရန် စုံစမ်းနေကြောင်း ပြောကြားကြပြီး သတင်းမရရှိသေးကြောင်း၊ အရေးတကြီးစုံစမ်းစစ်ဆေးနေကြောင်း လန်ဒန်၌ နိုင်ငံခြားရုံးပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏မန်ဆူအရပ်တွင်လုံခြုံရေးကုမ္ပဏီအချို့နှင့် အခြားနိုင်ငံခြားစီးပွားရေးလုပ်ငန်းငယ်များ ရုံးဖွင့်ထားကြပြီး အများစုကိုလက်နက်ကိုင်အစောင့်များက ကာကွယ်ပေးထားသော်လည်း အခြားလုပ်ငန်းရုံးများသည် လုံခြုံရေးမရှိဘဲရှိသည်။

**အများစု**

လွန်ခဲ့သည့် ခြောက်လအတွင်း၌ နိုင်ငံခြားသားအများအပြား ပြန်ပေးဆွဲခြင်းခံခဲ့ရရာ အများစုမှာ အီဂျစ်၊ဂျော်ဒန်နှင့် အခြားအာရပ်နိုင်ငံများမှ ထရပ်ကား ယာဉ်မောင်းများဖြစ်ကြသည်။ ထိုသို့ ဓားစာခံအဖြစ် ပြန်ပေးဆွဲဖမ်းဆီးရာတွင် အနောက်နိုင်ငံသားအချို့လည်း ဖမ်းဆီးခြင်းခံခဲ့ကြရသည်။

ဧပြီလထဲ၌ အီတလီလုံခြုံရေး အစောင့်လေးဦး ဖမ်းဆီးခြင်းခံခဲ့ရပြီး ဖာဖရီဇီယိုကွပ်ထရိုချီဆိုသူ အသတ်ခံခဲ့ရသည်။ အခြား အီတလီသတင်းစာဆရာတစ်ဦးကိုလည်း လွန်ခဲ့သည့်လ၌ ၎င်းအား ဖမ်းထားသူများက သတ်ပစ်ခဲ့ကြသည်။ **(အင်တာနက်)**

* ကျောဖုံးမှ

## တက်ရောက်

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ စက်မှုနှင့် အခြေခံအရင်းအမြစ်များ ဝန်ကြီးဌာနဝန်ကြီး H.E.Pehin Dato Abdul Rahman Taib၊ကမ္ဘောဒီးယားနိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး H.E.Chan Sarun ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Memed Gunawan၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Siene Saphangthong ၊ မလေးရှားနိုင်ငံ စိုက်ပျိုးရေး၊သစ်တောနှင့် စိုက်ပျိုးရေးအခြေခံ လုပ်ငန်းများ ဝန်ကြီးဌာန ဝန်ကြီး H.E. Tan Sri Dato' Haji Muhyiddin bin Haji Mohd Yassin ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး H.E. Arthur C.Yap ၊ စင်ကာပူသမ္မတနိုင်ငံ အမျိုးသားတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E .Mr. Mah Bow Tan၊ ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန ဒုတိယဝန်ကြီး H.E. Dr. Bui BaBong၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး Dr. Agmi Mat Akir ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အခြေစိုက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ဖိလစ်ပိုင်သမ္မတနိုင်ငံမနီလာမြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI ) နှင့် ထိုင်းနိုင်ငံအခြေစိုက် အရှေ့တောင်အာရှ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန ( South-east Asian Fisheries Development Center)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ ဝန်ကြီးများ၏(၂၅)ကြိမ်မြောက်အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ မလေးရှားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် စိုက်ပျိုးရေး အခြေခံလုပ်ငန်းများ ဝန်ကြီးဌာနဝန်ကြီး H.E. Tan Sri Dato ' Haji Muhyiddin bin Haji Mohd Yassin က နှုတ်ခွန်းဆက်စကားပြောကြားသည်။

## ရွေးချယ်တင်မြှောက်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံ ဝန်ကြီးများ၏(၂၆)ကြိမ်မြောက်အစည်းအဝေး၏ သဘာပတိအဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား လည်းကောင်း၊ ဒုတိယ သဘာပတိအဖြစ် ဖိလစ်ပိုင် သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီး H.E. Arthur C.Yap အား လည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် အစည်းအဝေးသဘာပတိ ပြည်ထောင်စု မြန်မာနိုင်ငံတော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ကိုယ်စားသော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားသော်လည်းကောင်း မိမိအနေဖြင့် ဤလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏(၂၆)ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်လာသောအဆွေတော်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးအား ကြိုဆိုနှုတ်ခွန်းဆက်သခွင့် ရရှိခြင်းကို အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့၏ ဖိတ်ကြားချက်ကို လက်ခံပြီး ယခုကဲ့သို့ တက်ရောက်ကြသည့်အတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း၊ တက်ကြွစွာ ပါဝင်မှုကြောင့် 26 th AMAF နှင့် 4 th AMAF+3 အစည်းအဝေးများသည် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်မည်ဟု ယုံကြည်ကြောင်း။

ရှေးဦးစွာ မိမိတို့အနေဖြင့် 25th AMAF ၏ဥက္ကဋ္ဌ Tan Sri Dato' Haji Muhyiddin bin Haji Mohd Yassin အား ၂၀၀၃ ခုနှစ်အတွင်း (၂၅)ကြိမ်မြောက် အာဆီယံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေးကို ဥက္ကဋ္ဌ အဖြစ်တာဝန်ယူပြီး အောင်မြင်စွာကျင်းပခဲ့သည့်အတွက် ဂုဏ်ပြု ချီးကျူးလိုကြောင်း၊ တစ်နှစ်ပတ်လုံး ယခုတာဝန်ပြီးဆုံးသည်အထိ ၎င်း၏ အဖိုးတန်လှသော အချိန်များကိုစိုက်ထုတ်ကြိုးပမ်းပေးခဲ့သည့်အတွက်လည်းအထူးပင်ကျေးဇူးတင်ပါကြောင်း၊ ဒုတိယအနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံ ဝန်ကြီးများ၏(၂၆)ကြိမ်မြောက်အစည်းအဝေးတွင် မိမိအား ဥက္ကဋ္ဌအဖြစ် ယုံကြည်စွာတင်မြှောက်ကြသော အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများအား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ အဆွေတော်တို့၏အပြည့်အဝထောက်ခံမှု၊ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဤအရေးပါလှသော ဥက္ကဋ္ဌတာဝန်ကို မိမိအောင်မြင်စွာထမ်းဆောင်နိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း။

## အခွင့်အလမ်းကောင်း

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ဘာလီ၌ကျင်းပသော နဝမအကြိမ် အာဆီယံထိပ်သီးအစည်းအဝေးတွင် စိုက်ပျိုးရေးအခြေခံနှင့် ငါးလုပ်ငန်းထွက်ကုန်များတွင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အာဆီယံစီးပွားရေးဝန်ကြီးများ၏ ကြိုးပမ်းချက်ကို အာဆီယံခေါင်းဆောင်များက အတည်ပြု ထောက်ခံခဲ့ပါကြောင်း၊ ယင်းသည် မိမိတို့အတွက် စိန်ခေါ်မှုအသစ်ဖြစ်ပြီး ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ကြိုးပမ်းအားထုတ်မှုများလိုအပ်လာပါကြောင်း၊ ဤအစည်းအဝေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံချင်းစီးပွားရေး တိုးတက်စေရေး၊ စည်းလုံးညီညွတ်မှုကို အရှိန်မြှင့်စေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို နက်နက်နဲနဲ ဆွေးနွေးရန် တန်ဖိုးမဖြတ်နိုင်သောအခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့်တကွ ယင်းတို့၏စိုက်ပျိုးရေးအခြေခံ စီးပွားရေးများအတွက် ဤအစည်းအဝေးသည် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း။

ဟန်ချိုင်း ရှေ့လုပ်ငန်းစဉ်အရ မဟာဗျူဟာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများအပေါ် ဤအစည်းအဝေးက ခြုံငုံသုံးသပ်မည်ဖြစ်ကြောင်း၊ အတိတ်က ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံ၍ ဗီယင်ကျန်းလုပ်ငန်းစဉ် (Vientiane Action Programme)အသစ်ကို အကောင်အထည်ဖော်ရာတွင် ခိုင်မာသော လုပ်ငန်းစဉ်များရေးဆွဲရန် လိုအပ်ပါကြောင်း၊ မည်သည့် ဟန့်တားမှု၊ မည်သည့် အခက်အခဲများ ရှိသည်ဖြစ်စေ မိမိတို့၏ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အာဆီယံ စိတ်ဓာတ်တို့ဖြင့် အောင်မြင်စွာ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

## ရလဒ်ကောင်းများရရှိရေး

ဤအစည်းအဝေးသည် ကိစ္စရပ်များစွာတွင် တညီတညွတ်တည်းသော သဘောတူညီမှုအောင်မြင်စွာ ရရှိရန် ပွင့်ပွင့်လင်းလင်း ဆွေးနွေး နိုင်မည့် အဖိုးတန်လှသော အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဤအစည်းအဝေးက ထွက်ပေါ်လာသည့် ရလဒ်များသည် မိမိတို့အားလုံးအတွက်များစွာ အကျိုးရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်ကြခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ လိုအပ်သောအကူအညီများကို ရယူခြင်းဖြင့် ယခုအစည်းအဝေးမှ ရလဒ်ကောင်းများရရှိအောင် ဆောင်ရွက်ကြစေလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏(၂၆)ကြိမ်မြောက်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးစေရန် လေးစားအပ်သော ကိုယ်စားလှယ်တော်ကြီးများအားလုံး ပါဝင်ဆောင်ရွက်ကြပါဟု ပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးအစီအစဉ်များကို ညှိနှိုင်းသတ်မှတ်ကြညာ၍ အစည်းအဝေးအစီအစဉ်အရ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ သတ်မှတ်ကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးများ၏ သဘာပတိ အစီရင်ခံစာနှင့် ထောက်ခံချက်များကို ဝိုင်းဝန်းညှိနှိုင်းသုံးသပ်ကြသည်။

## ဆွေးနွေးအတည်ပြု

ထို့နောက် ဒေသတွင်းစိုက်ပျိုးရေး၊ မွေးမြူရေး၊ မျိုးစေ့အပင်နှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးကိစ္စများ၊ တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေကိစ္စများ၊ မျိုးသုဉ်း ပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ၊ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးကိစ္စရပ်များနှင့် အာဆီယံနှင့် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ပူးတွဲဆောင်ရွက်မည့် အရည်အသွေးပြည့်ဝသော လယ်သမားများအား ဆင်းရဲမှုလျှော့ပါးရေးနှင့် ဈေးကွက်ယှဉ်ပြိုင်မှု ပညာပေးရေး အစီအစဉ်များကို ဝိုင်းဝန်းပေါင်းစပ် ဆွေးနွေးအတည်ပြုကြသည်။

ယင်းနောက် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ လုပ်ငန်းစဉ်များဖြစ်သည့် အာဆီယံ စားနပ်ရိက္ခာ၊စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာလုပ်ငန်းစဉ် (Strategic Plan of Action on ASEAN Cooperation in Food, Agriculture and Forestry) (၂၀၀၅–၂၀၁၀) နှင့် ဗီယင်ကျန်း ရှေ့လုပ်ငန်းစဉ် (Vientane Action Programme-VAP) တို့ကို ဆက်လက်ပေါင်းစပ်ဆွေးနွေးညှိနှိုင်းကြပြီး အာဆီယံနိုင်ငံများ၌ ကြက် ငှက်တုပ်ကွေးကာကွယ်ထိန်းချုပ်ရေး ပူးတွဲမဟာဗျူဟာနှင့် အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်မှုအပေါ်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် အာဆီယံဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံအစည်းအဝေး သဘာပတိများ၏ အစီရင်ခံစာနှင့် ထောက်ခံချက်များကို အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းပူးပေါင်းသုံးသပ်ညှိနှိုင်းကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးအတွက်ကြိုတင်ပြင်ဆင်မှုအဖြစ် အစည်းအဝေး အစီအစဉ်နှင့် အာဆီယံဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ပူးတွဲကြေညာချက်ထုတ်ပြန်ရန် အစီအစဉ်များကို ညှိနှိုင်းသတ်မှတ်ကြပြီး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ မူဝါဒ ညွှန်ကြားမှုပိုင်းဆိုင်ရာကို မလေးရှား နိုင်ငံက ဦးဆောင်၍ လည်းကောင်း၊ အာဆီယံနှင့် အာရှနိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို အာဆီယံဝန်ကြီးများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လည်းကောင်း ပေါင်းစပ်ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံ ဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေး ပူးတွဲသတင်းထုတ်ပြန်ချက်ကို အာဆီယံဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက အများသဘောတူ အတည်ပြုကြသည်။

## အတည်ပြု

ယင်းနောက် နောက်တစ်ကြိမ်ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၇)ကြိမ်မြောက် အစည်းအဝေး ကျင်းပမည့် နေ့ရက်နှင့် နေရာတို့ကို အတည်ပြုသတ်မှတ်ကြပြီး အစည်းအဝေးအစီရင်ခံစာကို အတည်ပြုကြကာ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

## ကျင်းပမည်

အောက်တိုဘာ ၈ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



# လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား ဗန်ကောက်အခြေစိုက်ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၇

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးအား လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသော ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)မှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Dr.He Changchui နှင့်အဖွဲ့ဝင်များသည် ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ(၂)သို့ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။ (အပေါ်ပုံ)**

အလားတူ ဖိလစ်ပိုင်သမ္မတနိုင်ငံ အခြေစိုက်အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr.William G.Padolina နှင့်အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ(၂)သို့ လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းသို့တွေ့ဆုံနှုတ်ဆက်ကြရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများလည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**


- လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး
- လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက်အစည်းအဝေး
- လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး
- လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက်အစည်းအဝေး

**ရန်ကုန်မြို့**

**၂၀၀၄ ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ကျောက်တန်းမြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအားတွေ့ဆုံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းရန်မှာကြား

ရန်ကုန် အောက်တိုဘာ ၇

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ မြိုင်သာယာစံပြကျေးရွာနှင့် ပါဒကြီးစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး အသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။**



## တက်ရောက်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် မြိုင်သာယာစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များတွေ့ဆုံပွဲ အခမ်းအနားကို နံနက် ၇နာရီခွဲတွင် မြိုင်သာယာ မူကြိုကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ငွေး၊ ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် ကော်မတီဝင်များ၊ ကျောက်တန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြိုင်သာယာစံပြကျေးရွာ၌ စံပြကျေးရွာအင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းမှာကြားသည်။

## စာရေးကိရိယာပေးအပ်

ထို့နောက်အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက မြိုင်သာယာမူကြိုကျောင်း ကျောင်းသား ကျောင်းသူလေးများအတွက် လက်ဆောင်ပစ္စည်းများကို ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်အေးထံလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကျေးရွာမူလတန်းကျောင်း ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်စိန်ထံလည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် မြိုင်သာယာစံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ အတွင်းရေးမှူး ဒေါ်စန်းစန်းနွယ်က အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## စာသင်ကြားမှုကြည့်ရှု

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မူကြိုကျောင်းသား ကျောင်းသူလေးများ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြိုင်သာယာစံပြကျေးရွာ၌ ရေကောင်းရေသန့်ရရှိမှု၊ ယင်လုံအိမ်သာ တည်ဆောက်ထားရှိမှု၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စားပင်သီးပင်များနှင့် အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှုများနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့မှတစ်ဆင့် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပါဒကြီးစံပြကျေးရွာရှိ မူကြိုကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား ကျောင်းသူလေးများအား ကစားစရာအရုပ်များကို ပေးအပ်ကြသည်။

## အသင်းဝင်များနှင့် တွေ့ဆုံ

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် မူကြိုကျောင်းခန်းမ၌ ပါဒကြီးစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက ပါဒကြီးစံပြကျေးရွာ၌ အသင်းတာဝန်ရှိသူများအနေဖြင့် စံပြကျေးရွာ လုပ်ငန်းရပ်များနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းထိန်းသိမ်းဆောင်ရွက်သွားကြရေးကို အကျယ်တဝင့်ဆွေးနွေးမှာကြားသည်။

ထို့နောက်အသင်းဥက္ကဋ္ဌဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ပါဒကြီး မူကြိုကျောင်းသား ကျောင်းသူလေးများအတွက် လက်ဆောင်ပစ္စည်းများကို ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်ခင်စိုးထံလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကျေးရွာမူလတန်းကျောင်း ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာမောင်ထံ လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ပါဒကြီးစံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဒေါ်ငွေဝင်းက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ပါဒကြီးစံပြကျေးရွာ၌ နေအိမ်များ သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားမှုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ဝင်ရောက်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

## ကြည့်ရှုအားပေး

ထို့မှတစ်ဆင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆောက်အအုံသို့ ရောက်ရှိကြပြီးလူငယ်ရိပ်မြုံစက်ချုပ်သင်တန်းသူများ စက်ချုပ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခန်းမ၌ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကျောက်တန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသားဖွားခန်းအတွက်ထောက်ပံ့သော ဆေးပစ္စည်းများနှင့် စက်ဘီးနှစ်စီးတို့ကို မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မူမူဆွေထံ ပေးအပ်သည်။

ယင်းနောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် မြို့နယ်အသင်း အဆောက်အအုံ၌ဖွင့်လှစ်ထားသော မူကြိုကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုနှင့် လူငယ်ရိပ်မြုံ လူငယ်လူရွယ်များ၏ လှုပ်ရှားမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

## ထောက်ပံ့ငွေပေးအပ်

ထို့မှတစ်ဆင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး မီးဖွားပြီး မိခင်နှစ်ဦးတို့အား အားပေးစကားပြောကြားကာ စောင်နှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**

## တွေ့ဆုံအမှာစကားပြောကြား

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ကျောက်တန်းမြို့နယ် ပါဒကြီး စံပြကျေးရွာမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။**

**(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ အောက်တိုဘာလအတွက်**

**၁၀-၁၀-၂၀၀၄ရက်နေ့**

**နှင့်**

**၃၁-၁၀-၂၀၀၄ရက်နေ့**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၁၀-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မင်းကွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိမော်ကွန်း **“မင်းကွန်းတိပိဋက ဓမ္မနာဒရေအလျှုတော်”** |
| ၇း၅၅ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၁၀ | ၆။ | ရိုးရာကျေးလက်ကစားနည်း |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၀ | ၈။ | ကြေးမုံရိပ်သွင်တေးနယဉ် |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | English for Everyday Use |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | Practice in Reading |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ) |
| ၁၇း၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၇း၁၅ | ၆။ | ၂၀၀၄ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့်ခေတ်ဟောင်းတေး (အခြေခံပညာ ၁၀-၁၅ နှစ်) (အမျိုးသား) |
| ၁၇း၂၅ | ၇။ | နည်းစနစ်မှန်မှန်အားကစားအခြေခံ |
| ၁၇း၃၅ | ၈။ | လက်ဆင့်ကမ်းပေး ဂီတတေး |
| ၁၇း၄၀ | ၉။ | ဂီတမဟာပျော်စရာ |
| ၁၇း၅၅ | ၁၀။ | မြန်မာစာ၊မြန်မာစကား |
| ၁၈း၁၀ | ၁၁။ | နှောင်းခေတ်တေးပဒေသာ |
| ၁၈း၂၅ | ၁၂။ | Discovery |
| ၁၈း၃၀ | ၁၃။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၄။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“လူရွှန်လူကောင်း”** (အပိုင်း-၁၈) |
| ၁၉း၃၅ | ၁၆။ | ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီး ဆွေးနွေးခန်း(အတီးပြိုင်ပွဲ) |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | **“အဖြူရင့်ရောင် ဆောင်းရာသီ”** (အပိုင်း-၂) [နိုင်နိုင်၊ ခန့်စည်သူ၊ အောင်လွင်၊ မျိုးသန္တာထွန်း၊ စိုးမြတ်နန္ဒာ] (ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်) |


## စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။



ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် အာဆီယံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

# အာဆီယံ ကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနား မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် အာဆီယံကုန်စည်ပြပွဲ-၂၀၀၄ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၇**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းအား ရန်ကုန်မြို့၌ရောက်ရှိနေသည့် FAO Regional Office မှ လက်ထောက်ညွှန်ကြားရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Dr. He Changchui သည် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Tang Zhengping နှင့်အတူ ယနေ့ညနေ ၄ နာရီခွဲတွင် ဝန်ကြီးများရုံးရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၅)နှစ်ပြည့်ဂုဏ်ပြုပွဲ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း၏ (၇၅)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင်ရှိသော အခန်း အေ-၁၂ တွင်ကျင်းပခဲ့ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးသိန်းဇံ (နန္ဒာသိန်းဇံ) က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။ အခမ်းအနားသို့ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးရင်နှင့် တက္ကသိုလ် အသီးသီးမှ ပါမောက္ခများ တက်ရောက်ကြပြီး ဂုဏ်ထူးဆောင်ပါမောက္ခဒေါ်ကြည်ကြည်လှနှင့်ပါမောက္ခဌာနမှူးဒေါက်တာတင်တင်ထွန်းနှင့် တပည့်ကျောင်းသားဟောင်းများက ဂုဏ်ပြုစကား ပြောကြားကာ ကန်တော့လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ ဂုဏ်ထူးဆောင် ပါမောက္ခဒေါက်တာခင်မောင်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ **(က-ပ)**

# သဘာဝဓာတ်ငွေ့သုံးအင်ဂျင်ပြောင်းလဲတပ်ဆင်ရေး စက်ပစ္စည်းများသရုပ်ပြရှင်းလင်းပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ဒီဇယ်ဆီသုံးအင်ဂျင်ကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ် ပြောင်းလဲတပ်ဆင်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းများသရုပ်ပြရှင်းလင်းပွဲကို အောက်တိုဘာ ၆ရက် နံနက် ၉ နာရီတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ Fisheries and Marine Products 2000 Ltd. မှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၂)စက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အီတလီနိုင်ငံ NGV Motori မှ Chairman, Mr. Iori Luca က ဒီဇယ်ဆီသုံးအင်ဂျင်ကို သဘာဝဓာတ်ငွေ့သုံးအင်ဂျင်အဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်ရပုံများ၊ ပြောင်းလဲရာတွင် အသုံးပြုသည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် အသုံးပြုပုံများကို ကွန်ပျူတာဆလိုက်ဖြင့် ရှင်းလင်းပြောကြားပြီး ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ဖြေကြားကြသည်။

**(သတင်းစဉ်)**



# ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲနှင့်စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တိုင်း ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းပွဲနှင့် စာရေးဆရာ ချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)၏ စာပေဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီက အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၃ ခုနှစ် "ကမ္ဘာ့ဆရာများနေ့"အခမ်းအနားတွင် ထူးချွန်ဆရာအဖြစ် ဂုဏ်ပြုခံပုဂ္ဂိုလ်ချင်းပြည်နယ်မှ ဆရာဦးမောင်ဆတ်၏သမီးဖြစ်သူ ဒလမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဖွာဘူအား ဒဂုံအထက(၁)ပညာရေးမိသားစု၏ ပညာသင်စရိတ် ထောက်ပံ့ငွေ ကျပ်တစ်သိန်းကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ ရသ၊ ဂျာနယ်၊ ကျောင်းသုံးစာအုပ်မျိုးစုံနှင့် ဒဂုံအထက(၁)ပညာရေးမိသားစု၏ လှူဒါန်းငွေကျပ် တစ်သိန်းတို့ကို ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ကျောင်းအတန်းကိုယ်စားလှယ်များကပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ထံ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စာပေဟောပြောပွဲကိုကျင်းပရာ စာရေးဆရာချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)က "စကားလက်ဆောင်"ခေါင်းစဉ်ဖြင့် ဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က စာရေးဆရာ ချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)အား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။ **(သတင်းစဉ်)**

# မြစိမ်းတောင်ဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၇**

တိုက်ကြီးမြို့ လိမ္မော်ခြံကျေးရွာ မြစိမ်းတောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဇာနေယျ အရှင်သူမြတ်သည် ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် (ဆ/ခ)ရပ်ကွက် ရတနာလမ်း အဘွား ဒေါ်ကျင်ယုံ မဟာစည်ဗုဒ္ဓသာသနာ့ ရိပ်သာဓမ္မာရုံကြီးတွင် အောက်တိုဘာ ၉ရက် မွန်းလွဲ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းဝိပဿနာကျင့်စဉ်တရားများ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

# စိတ်ကျန်းမာရေးဆေးရုံပန်းချီပြခန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၇**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးမှ ဝေဒနာရှင်များအတွက် ပန်းချီအနုပညာ ပြခန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဆေးရုံကြီး၌ပြုလုပ်ရာ စိတ်ကျန်းမာရေး ဆေးရုံအုပ်ကြီးဒေါက်တာဇော်စိန်လွင်၊ ဆရာဝန် ဆရာမများ၊ အနုပညာရှင်များ၊စာနယ်ဇင်းမှ ဖိတ်ကြားထားသူများ၊အလှူရှင်များ တက်ရောက်ကြသည်။

### ပြသထား

စိတ်ကျန်းမာရေး ဆေးရုံကြီး ပန်းချီအနုပညာအမြဲတမ်းပြခန်းအတွက် ပန်းချီကားများကို ဆေးရုံအုပ်ကြီး ဒေါက်တာဇော်စိန်လွင်၊ ပန်းချီဆရာမ ခင်သန်းဖြူနှင့် သန်းမြင့်အောင်၊ ဆရာအောင်ကျည်စိုးမြင့်တို့က ပန်းချီဆရာများထံမှ ပန်းချီကားများ အလှူခံရယူပြီး ပြသထားခြင်း ဖြစ်သည်။ ထို့ပြင်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ဝေဒနာရှင်လူနာများ ခဲဖြင့်ရေးဆွဲထားသည့်ကားများကိုပါ ပြသထားသည်။

### ပါဝင်ဖျော်ဖြေ

စိတ်ဝေဒနာရှင်များ ပျော်ရွှင်ကျန်းမာရေးအတွက် CMF အဖွဲ့က လည်း တေးဂီတဖြင့် ဖျော်ဖြေပေးလျက်ရှိရာ ယခုအပတ်တွင် အထူးအစီအစဉ်အဖြစ် CMF အဖွဲ့နှင့်အတူ ရာဇာနေဝင်းနှင့်အဖွဲ့၊ ကိုကို(Beauty Saloon) ဦးဆောင်သောအဖွဲ့တို့ လည်း ပါဝင်ဖျော်ဖြေ တင်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း တတိယရရှိ

**ရန်ကုန် အောက်တိုဘာ ၇**

၂၀၀၄ခုနှစ် စက်တင်ဘာ ၂၈ရက်မှအောက်တိုဘာ ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝေဟိုင်းမြို့၌ ကျင်းပသည့် အမျိုးသမီး ပိုက်ကျော်ခြင်း ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းက REGU ပြိုင်ပွဲ၌ တတိယရရှိသည်။

ယင်းပြိုင်ပွဲတွင် ပထမ ဗီယက်နမ်၊ ဒုတိယ ထိုင်း၊ တတိယ မြန်မာနှင့် စတုတ္ထ တရုတ်အသင်းတို့ရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ★ ကျော်မှ

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၁မိနစ်တွင် အေးနန္ဒာလှိုင်က ပထမဂိုး၊ ပွဲချိန်၂၃မိနစ်တွင် သန်းသန်းထွေးက ဒုတိယဂိုး၊ ပွဲချိန် ၂၅ မိနစ်တွင် နှင်းဆီမြင့်က တတိယဂိုး၊ ပွဲချိန် ၂၈ မိနစ်တွင် မာလာဝင်းက စတုတ္ထဂိုး၊ ပွဲချိန်မိနစ် ၃၀ တွင် နှင်းဆီမြင့်ကပင် ပဉ္စမဂိုးသွင်းယူသည်။ ပထမပိုင်းအပြီးတွင် မြန်မာအသင်းက ငါးဂိုးအသာဖြင့်ဦးဆောင်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့ရာ ပွဲချိန် ၄၉ မိနစ်တွင် ခင်ကြွေထွေးက ဆဋ္ဌမဂိုး၊ ပွဲချိန် ၈၅ မိနစ်တွင် စန်းစန်းမော်က သတ္တမဂိုးသွင်းယူခဲ့သည်။

ပထမအကြိုဗိုလ်လုပွဲစဉ်တွင် ဗီယက်နမ်(ခ)အသင်းက ဗီယက်နမ်(က)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။ အောက်တိုဘာ ၉ ရက်တွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီး(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲအထိ လေးပွဲကစားရာတွင် သုံးပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။ စုစုပေါင်းလေးပွဲ ယှဉ်ပြိုင်ကစားရာတွင် ၂၆ ဂိုးသွင်းပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းအတွက် မာလာဝင်းက ရှစ်ဂိုး၊ ဇင်မာဝမ်းက လေးဂိုး၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေးနှင့် ခင်ကြွေထွေးတို့က သုံးဂိုးစီ၊ နှင်းဆီမြင့်က နှစ်ဂိုး၊ စန်းစန်းမော်၊ သက်သက်ဝင်းနှင့်သီတာဦးတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။ **(မြန်မာ့အလင်း)**



**အောက်တိုဘာ ၅ရက်က သဃ်္ဃန်းကျွန်းမြို့နယ် ရတနာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူးဦးကျော်သန်းဦးနှင့် တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသကြရာ ဈေးတာဝန်ခံဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ လေ့လာကြည့်ရှုကြစဉ်။** (၀၅၂)

# အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် အာဆီယံမျှော်မှန်း

# အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏အစည်းအဝေးက ရှေ့ဆက်လက်ပူးပေါင်း

✡ **ရှေ့ဖုံးမှ**

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အာဆီယံနိုင်ငံများအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် နည်းဗျူဟာများကို သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးခဲ့သည်ကို အဆွေတော်များ သတိပြုမိမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်အဟုန်ကောင်းမွန်ရေး၊ ပြန်လည်အသုံးချနိုင်မည့် စွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဆီယံနိုင်ငံများ၏ လယ်ယာသားငါးနှင့် သစ်တောထွက်ပစ္စည်းများ အပြည်ပြည်ဆိုင်ရာဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်မြင့်မားစေရေးတို့ အပါအဝင်ဖြစ်ကြောင်း။

၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် ဘာလီမြို့၌ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံက စိုက်ပျိုးရေးကဏ္ဍ(၁၁)ခုကို အရှိန်အဟုန်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ရန်အတွက် လမ်းစဉ်ချမှတ်ခဲ့ကြောင်း၊ ထို့အပြင် ထိပ်သီးညီလာခံမှ ဒေသအတွင်း အခွင့်အလမ်းများပေါ်ပေါက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာစေရေး၊ လွယ်ကူချောမွေ့စေရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများကို အရှိန်အဟုန်တိုးမြှင့်သွားရန် လိုအပ်ကြောင်းကို အထူးအလေးထား ဖော်ပြခဲ့ကြောင်း။

## အာဆီယံမျှော်မှန်းချက်

အာဆီယံဒေသအတွင်း ငွေကြေးတည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ထိရောက်သည့် စီးပွားရေး ပူးပေါင်းမှုများ ဆောင်ရွက်ရေး၊ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ရေး၊ လက်မှုလုပ်ငန်းများဖြစ်ထွန်းရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးမြှင့်ဆောင်ရွက်နိုင်မည့် ပွင့်လင်းသော ကြံ့ခိုင်းမြဲ့...ကြိုးပမ်းအားထုတ်မှုရှိသော အာဆီယံ ဒေသဖြစ်ပေါ်ရေးအတွက် အာဆီယံ မျှော်မှန်းချက် ၂၀၂၀ တွင် ဖော်ပြထားကြောင်း။

အာဆီယံထိပ်သီးညီလာခံများ၏ ဆုံးဖြတ်ချက်များနှင့် ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို အာဆီယံဝန်ကြီးများသည် အထူးအလေးထားလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု အစည်းအဝေးကြီးတွင် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍဆိုင်ရာ အစည်းအဝေး၏ လယ်ယာအခြေခံ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံနိုင်ငံများအတွင်း ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုအဟန့်အတားများ ဖယ်ရှားရေးတို့အပေါ် ဦးတည်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ရေရှည်တည်တံ့သည့် သစ်တော စီမံခန့်ခွဲမှုတို့အတွက် စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ယခုအစည်းအဝေးကြီးတွင် ကိုယ်စားလှယ်တော်များအနေဖြင့် တက်ကြွစွာ ပါဝင်ဆွေးနွေးကြရေး မျှော်လင့်ပါကြောင်း။

## အထောက်အကူပြု

မိမိတို့မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံသူ နိုင်ငံသားများ၏ စားနပ်ရိက္ခာအတွက်သာမက ဒေသတွင်း စားနပ်ရိက္ခာလိုအပ်ချက်ကိုပါ တစ်ဖက်တစ်လမ်းက အထောက်အကူပြု ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေပြုသည့် စီးပွားရေးဘဝကို ဖန်တီးဖော်ဆောင်လျက်ရှိသည့်အလျောက် စိုက်ပျိုးရေး၊ သားငါးနှင့် သစ်တောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များအဖြစ် အလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍသုံးရပ်သည် နိုင်ငံတော်လူဦးရေ၅၃ သန်းကျော်၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူအများစု အသက်မွေးမှုပြုရာ ကုန်ထုတ်လုပ်ငန်းများဖြစ်ခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ယင်းကဏ္ဍများ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားအောင် ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ကို အထူးအထောက်အကူပြုခဲ့ကြောင်း။

မြန်မာနိုင်ငံ၏ သီးနှံစုစုပေါင်း စိုက်ဧရိယာသည်၄၁ဒသမ ၃၂ ဧကသန်း (၁၆ ဒသမ ၇၂ ဟက်တာသန်း) ရှိကြောင်း၊ စပါးသီးနှံကို ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့တိုးမြှင့် တင်ပို့ရောင်းချနိုင်ရေးအတွက် စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို နည်းလမ်းပေါင်းစုံနှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်က စပါးသီးနှံကို မိုးရာသီတွင် တစ်ကြိမ်သာစိုက်ပျိုးလေ့ရှိကြောင်း၊ နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးအစီအစဉ်ကို ၁၉၉၂-၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ စပါးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် နွေစပါးကို ၂၇၃၆၆၂၁ ဧက (ဟက်တာ ၁၁၀၇၅၀၀)အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးသဖြင့် စိုက်ပျိုးရေတိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ရေရရှိရေး စီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၁၉၈၈-၁၉၈၉ ခုနှစ်မှ ယနေ့အထိ ဆည်တာတမံပေါင်း ၁၆၄ခု တည်ဆောက်ခဲ့ပြီး မြစ်ရေတင် စီမံကိန်း ၂၆၅ ခုကို ဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။

ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးထုတ်လုပ်မှုစနစ်ကြောင့် မြေဆီလွှာပြုန်းတီးမှုများ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးကို ၂၀၀၂-၂၀၀၃ ခုနှစ်မှစတင်ဆောင်ရွက်လျက်ရှိရာ ၂၀၀၃-၂၀၀၄တွင် ဧကပေါင်း ၈၈၇၀ (ဟက်တာပေါင်း၃၅၉၀)ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါနှင့် ကြံတို့ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ၏ အဓိကရည်မှန်းချက်မှာ နိုင်ငံတွင်းစားနပ်ရိက္ခာ ဖူလုံစေမှုအတွက်သာမက ဒေသ၏စားနပ်ရိက္ခာလိုအပ်ချက်ကို အထောက်အကူပြုရန်ဖြစ်ကြောင်း။

ယခုကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အတွက် ယနေ့ကာလဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ထိပ်တန်းနိုင်ငံများထဲတွင် မိတ်ဆွေ အာဆီယံနိုင်ငံများနှင့်အတူ ရပ်တည်နေနိုင်ဆဲဖြစ်သကဲ့သို့ ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်တင်ပို့မှုတွင်လည်း အာဆီယံနိုင်ငံများ၏ဦးဆောင်မှု အခန်းကဏ္ဍတွင် ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ဒေသအတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ရေမြေသဘာဝစွမ်းအားများ အပြည့်အဝဖော်ထုတ်အသုံးချပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်နိုင်ရေး အစီအစဉ်များနှင့်အတူ စိုက်ပျိုးနည်းပညာ၊ အရည်အသွေးနှင့်အထွက်နှုန်းကောင်းမျိုး ကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

## အခြေခံအင်အားကောင်း

မြန်မာ့သားငါးကဏ္ဍသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးရေးအတွက် အဓိကကဏ္ဍတစ်ရပ်လည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကီလိုမီတာ ၂၈၀၀ ကျော် ရှည်လျားသောကမ်းရိုးတန်း တစ်လျှောက်နှင့် ကုန်းတွင်း မြစ်ချောင်းအင်းအိုင်များ၏ ရေချိုရေငန်ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးအတွက် အခြေခံအင်အားကောင်းများဖြစ်ကြောင်း။

လက်ရှိအခြေအနေတွင် ပြည်ပဈေးကွက်ကိုမူတည်ပြီး ငါး၊ပုစွန်အရှင်များ၊ အေးခဲထားသည့် ငါး၊ ပုစွန်များကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရေချိုရေငန် ငါး၊ ပုစွန်တင်ပို့ရောင်းချမှုသည် သိသိသာသာ တိုးတက်လျက်ရှိကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင် ရေထုညစ်ညမ်းမှု လျော့နည်းရေး ရေချိုရေငန် ငါး၊ ပုစွန်သယံဇာတများ ပြုန်းတီးမှု မရှိစေရအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန်ပြုပြင်ထုတ်လုပ်သော ပစ္စည်းကိရိယာများ ပြည့်စုံရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိက အခန်းကဏ္ဍပါဝင်ဆောင်ရွက်နိုင်မှု အဆင့်အတန်းမြင့်စေရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာစေရေးတို့အတွက် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးက သားငါးကဏ္ဍ ဖွံ့ဖြိုးကြွယ်ဝစေရေးအတွက် အခြေခံရလဒ်ကောင်းများ ဖော်ထုတ်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

## တိုးချဲ့ဖွဲ့စည်း

မြန်မာနိုင်ငံ၏သစ်တောကဏ္ဍနှင့်ပတ်သက်ပြီး ဆက်စပ်ပြောကြားလိုကြောင်း၊ သစ်တောဖုံးလွှမ်းမှုအရ ကြည့်မည်ဆိုလျှင် နိုင်ငံတော်ဧရိယာစုစုပေါင်း၏ ၅၂ဒသမ ၂၈ ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းလျက်ရှိနေ၍ သစ်တောပိုင်ဆိုင်မှုတွင် ကမ္ဘာ့အဆင့်နံပါတ်(၅)၌ ရှိနေကြောင်း၊ အဖိုးတန် သဘာဝကျွန်းတောများ ပိုင်ဆိုင်မှုတွင်လည်း အများဆုံးပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိကြောင်း၊ သစ်တောဖုံးလွှမ်းမှုအနက် လက်ရှိမှာ ၃၇ဒသမ ၄၁ ဧကသန်း (၁၅ဒသမ ၁၄ ဟက်တာသန်း)ကို ကြိုးဝိုင်းတောများအဖြစ်လည်းကောင်း၊ ၅ဒသမ ၈၃ဧကသန်း (၂ဒသမ ၃၆ ဟက်တာသန်း)ကို ကာကွယ်တောများအဖြစ် လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကြိုးဝိုင်းတောများကို နိုင်ငံတော်ဧရိယာ၏ ၃၀ရာခိုင်နှုန်းအထိ လည်းကောင်း၊ ကာကွယ်တောဧရိယာကို ၅ရာခိုင်နှုန်းအထိ လည်းကောင်း တိုးချဲ့ဖွဲ့စည်းသွားရန် ရည်မှန်းချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဖက်တွင်လည်း လယ်ယာမြေများ တိုးချဲ့ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်း၊ မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် အိမ်ထောင်စုများလောင်စာပိုမိုလိုအပ်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ နှစ်စဉ်သစ်တောများ ပြုန်းတီးမှု ပမာဏသည် ၃၇၃၁၂ဧက (ဟက်တာ ၁၅၁၀၀)ခန့် ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ၁၉၇၂ ခုနှစ်မှစတင်၍ သစ်တောဦးစီးဌာနသည်နှစ်စဉ် ပျမ်းမျှဧက ၇၄၁၃၀ (ဟက်တာ ၃၀၀၀၀)ခန့်ရှိ သစ်တောစိုက်ခင်းများကို သစ်တောပြုန်းတီးသွားသည့်နေရာများတွင် ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးအပြီးတွင် ဆီဒိုးနားဟိုတယ်၌ ခင်းကျင်းပြသထားသော ပြကွက်များကို ကြည့်ရှုကြစဉ်။**

**(သတင်းစဉ်)**

## သဘာဝအခြေခံသောခရီးသွားခြင်း

မြန်မာနိုင်ငံ၏ သစ်တောများကို နှစ်ပေါင်း ၁၀၀ကျော် သိပ္ပံနည်းကျစနစ်တကျ အုပ်ချုပ်လုပ်ကိုင်လျက်ရှိရာ၌ ၁၉၉၂ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် သစ်တောဥပဒေနှင့် ၂၀၀၂ခုနှစ် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး နည်းဥပဒေများသည် မြန်မာ့သစ်တောများကို အပြည့်အဝကာကွယ်ပေးလျက်ရှိကြောင်း၊ လောင်စာအစားထိုးဆောင်ရွက်မှုအစီအစဉ်များ၊ ရေဝေရေလဲသစ်တောများအုပ်ချုပ်လုပ်ကိုင်ခြင်း၊ အပူပိုင်းဒေသသစ်တောများ ပြန်လည်ထူထောင်ခြင်း၊ FAO၊ UNDP တို့နှင့်ပူးပေါင်း၍ ဖွံ့ဖြိုးမှုအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှုအစီအစဉ်၊ ကုန်းမြင့်ဒေသများတွင် လှေကားထစ်လယ်ယာများဖော်ထုတ်ခြင်းနှင့် သဘာဝကိုအခြေခံသော ခရီးသွားလာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် ဒီရေတောဧရိယာ ဧက ၃၁၈၀၀၀(ဟက်တာ ၁၂၈၆၉၀) ခန့်ကိုပိုင်ဆိုင်လျက်ရှိကြောင်း၊ သို့ရာတွင် ထင်းအလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ဝမ်းရေးအတွက် တိုးချဲ့စိုက်ပျိုးမွေးမြူခြင်းတို့ကြောင့် ဒီရေတောအချို့ ပျက်စီးခဲ့ရကြောင်း၊ ယခုအခါ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး သဘာဝနည်းအရလည်းကောင်း၊ ပဝတ္တိနည်းအရ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ အဆင့်နိမ့်ကျသွားသော ဒီရေတောများပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

# အာဆီယံမျှော်မှန်းချက်ရောက်ရှိစေရေး မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံများနှင့်လက်တွဲကြိုးပမ်းလျက်ရှိ ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းသစ်များအတွက် ရလဒ်ကောင်းများပေါ်ထွက်လာမည်ယုံကြည်




**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးဖွင့်ပွဲအပြီးတွင် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ သားငါးနှင့်စက်မှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)**

## စနစ်တကျထိန်းသိမ်း

မြန်မာနိုင်ငံအပူပိုင်းဒေသတွင် ပတ်ဝန်းကျင်အခြေအနေများ ယိုယွင်းလာနေမှုကို ကြိုတင်ကာကွယ်ရန်နှင့် ပိုမိုကောင်းမွန်စေရန်ဖြစ်နိုင်သည့် အစီအမံအားလုံးကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၄ခုနှစ်မှစတင်ပြီး ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး အထူးစီမံကိန်းကို ဆောင်ရွက်ခဲ့ပြီးနောက်ပိုင်းတွင် ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာ နှစ်၃၀ ဘက်စုံပင်မစီမံကိန်းတစ်ရပ်ကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၏ အစိတ်အပိုင်းများ သို့မဟုတ် အပူပိုင်းဇုန်ဒေသတစ်ခုလုံးအတွက် ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယနေ့အထိ အပူပိုင်းဒေသတွင် သစ်တောစိုက်ခင်းဧက ၂၇၀၀၀၀ (ဟက်တာ ၁၀၉၃၀၀)ကိုစိုက်ပျိုးနိုင်ခဲ့ပြီး သဘာဝတော ၁ ဒသမ ၁ဧကသန်း (၀ ဒသမ ၄၅ဟက်တာသန်း)ကို စနစ်တကျ ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း။

မကြာသေးမီက မြန်မာနိုင်ငံတွင် အကောင်းဆုံးသဘာဝကျွန်းတောများပေါက်ရောက်လျက်ရှိသည်ဟု ကမ္ဘာက အသိအမှတ်ပြုထားသည့် ပဲခူးရိုးမကို ပြန်လည်စိမ်းလန်းစိုပြည်ရန်အတွက် အစီအစဉ်တစ်ရပ်ကို စတင်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ၂၀၀၄-၂၀၀၅ မှ ၂၀၀၈-၂၀၀၉အထိ ငါးနှစ်ကြာမည့် စီမံကိန်းဖြစ်ပြီး နိုင်ငံတော်၏ ဦးစားပေး စီမံကိန်းတစ်ရပ်လည်းဖြစ်ကြောင်း၊ စီမံကိန်း၏ အဓိကရည်ရွယ်ချက်များမှာ ပဲခူးရိုးမ၏ ဂေဟစနစ်မျှတရန်နှင့် ထုတ်လုပ်နိုင်စွမ်းအားပြန်လည်ဖြည့်တင်းရန်တို့ဖြစ်ကြကြောင်း၊ ထို့အပြင် စီမံကိန်းကိုအကောင်အထည်ဖော်ခြင်းဖြင့် ရေဝေရေလဲဒေသများ ကာကွယ်ရေးတွင် အထောက်အကူဖြစ်ပြီး စိုက်ပျိုးရေးအတွက်လိုအပ်သောရေကိုလည်း ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ကိုင်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်လည်း ဖြစ်ကြောင်း၊ စီမံကိန်းကာလအတွင်း စိုက်ခင်းအမျိုးအစားမျိုးစုံဧက ၂၀၀၀၀၀ (ဟက်တာ ၈၀၉၀၀) ခန့်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

## အရေးပါ

မြန်မာ့သစ်တောကဏ္ဍသည် သစ်တောသယံဇာတများတင်ပို့မှုကို ဖောင်းပေးသည့်စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ရန်နှင့် အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အာဆီယံဒေသစံများကို ဖော်ထုတ်ရေးဆွဲရန် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် အာဆီယံသစ်တောထောက်ခံချက်အစီအစဉ်ရေးဆွဲရာတွင်လည်း အရေးပါသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ထို့အပြင် မြန်မာနိုင်ငံသည် နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် မျိုးသုဉ်းလုဆဲရှားပါးသည့် တိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၉ ခုနှစ်တွင် Wildlife Conservation Society (New York)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျားစာရင်းကောက်လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်ရှိ ဧရိယာအကျယ်အဝန်းစတုရန်းမိုင် ၈၄၁၈ရှိ ဟူးကောင်းတောင်ကြားကို ကမ္ဘာပေါ်တွင် အကြီးဆုံးကျားထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားကြောင်း။

## လက်တွဲကြိုးပမ်း

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် အာဆီယံ၏မှန်းမျှော်ချက်ကိုရောက်ရှိစေရန် ကြိုးပမ်းလျက်ရှိသည့်နည်းတူ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း မြန်မာနိုင်ငံသည် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံမိသားစုဝင်နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ အပါအဝင် ငါးလုပ်ငန်းတွင် ဖူလုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒေသတွင်းတည်ငြိမ်မှုရှိရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

## ရလဒ်ကောင်းများပေါ်ထွက်

လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍတွင် တွေ့ကြုံနေရသောအခက်အခဲပြဿနာများသည် အစည်းအဝေးသို့တက်ရောက်လာကြသည့် အာဆီယံဝန်ကြီးများနှင့် မိမိတို့၏မိတ်ဆွေများဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံများအတွက် အသစ်အဆန်းမဟုတ်ကြောင်း၊ ပြီးခဲ့သည့် တတိယအကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ အစည်းအဝေးတွင် အာရှဒေသအတွင်း စားနပ်ရိက္ခာလုံခြုံမှုကို တိုးမြှင့်ဆောင်ရွက်ရေးနှင့် ဆင်းရဲမွဲတေမှုလျော့နည်းပပျောက်ရေး၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးဆုံးဖြတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဤအစည်းအဝေးကြီးက ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းသစ်များအတွက် ဆုံးဖြတ်ချက်ရလဒ်ကောင်းများ ပေါ်ထွက်လာလိမ့်မည်ဟု မိမိအနေဖြင့် အလေးအနက် ယုံကြည်ပါကြောင်း။

## မြန်မာနိုင်ငံ၏ သစ်တောပိုင်ဆိုင်မှု ကမ္ဘာ့အဆင့်နံပါတ်(၅)၌ရှိ

- ❒ မြန်မာနိုင်ငံ၏ သီးနှံစုစုပေါင်း စိုက်ဧရိယာသည် ၄၁ ဒသမ ၃၂ ဧကသန်း (၁၆ ဒသမ ၇၂ ဟက်တာသန်း) ရှိသည်။
- ❒ နွေစပါးစိုက်ပျိုးထုတ်လုပ်ရေးအစီအစဉ်ကို ၁၉၉၂-၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ စပါးကိုတစ်နှစ်ပတ်လုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှာ နွေစပါးကို ၂၇၃၆၂၁ ဧက (၁၁၀၇၅၀ ဟက်တာ)အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။
- ❒ ၁၉၈၈-၁၉၈၉ ခုနှစ်မှ ယနေ့အထိ ဆည်တာတမံပေါင်း ၁၆၄ ခု တည်ဆောက်ခဲ့ပြီး မြစ်ရေတင်စီမံကိန်း ၂၆၅ခုကို ဆောင်ရွက်အကောင်အထည်ဖော်နိုင်ခဲ့သည်။
- ❒ မြေဆီလွှာ ပြုန်းတီးမှုများ ကာကွယ်ထိန်းသိမ်းနိုင်ရေးအတွက် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးကို ၂၀၀၂-၂၀၀၃ခုနှစ်မှစတင်ဆောင်ရွက်လျက်ရှိရာ ၂၀၀၃-၂၀၀၄ တွင် ဧကပေါင်း ၈၈၇၀ (ဟက်တာပေါင်း၃၅၉၀)ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သည်။
- ❒ နိုင်ငံတော် ဧရိယာစုစုပေါင်း၏ ၅၂ဒသမ ၂၈ရာခိုင်နှုန်းကို သစ်တောများ ဖုံးလွှမ်းလျက်ရှိနေ၍ သစ်တောပိုင်ဆိုင်မှုတွင် ကမ္ဘာ့အဆင့် နံပါတ်(၅)၌ ရှိနေသည်။
- ❒ သစ်တောဖုံးလွှမ်းမှု အနက် လက်ရှိမှာ ၃၇ဒသမ ၄၁ ဧကသန်း (၁၅ဒသမ ၁၄ ဟက်တာသန်း)ကို ကြိုးဝိုင်းတောများအဖြစ်လည်းကောင်း၊ ၅ဒသမ ၈၃ ဧကသန်း (၂ဒသမ ၃၆ ဟက်တာသန်း)ကို ကာကွယ်တောများအဖြစ်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။
- ❒ ယနေ့အထိ အပူပိုင်းဒေသတွင် သစ်တော စိုက်ခင်းဧက ၂၇၀၀၀၀ (ဟက်တာ ၁၀၉၃၀၀)ကို စိုက်ပျိုးနိုင်ခဲ့ပြီး သဘာဝတော ၁ ဒသမ၁ ဧကသန်း (၀ ဒသမ ၄၅ ဟက်တာသန်း)ကို စနစ်တကျ ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

အဆွေတော်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းများတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ သားငါးနှင့် စက်မှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ကြည့်ရှုအားပေး

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဆီဒိုးနားဟိုတယ်၌ ခင်းကျင်းပြသထားသော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာဆန်စပါးသုတေသနဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များပြကွက်၊ ကချင်ပြည်နယ် ပန်ဝါဒေသတွင် ကချင်ပြည်နယ် အထူးဒေသ(၁)မှ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်ပြီး National International Commercial Enterprise (NICE) Ltd.က ပြည်တွင်းဈေးကွက် ဖြန့်ဖြူးရေးနှင့် နိုင်ငံတကာဈေးကွက် ရှာဖွေတင်ပို့နေသည့် နိုင်ငံတကာ အဆင့်မီ (Nara Green Tea) လက်ဖက်ခြောက်ပြကွက်၊ သစ်တောရေးရာဝန်ကြီးဌာနမှ သစ်အခြေခံပစ္စည်းများ ဖြစ်သည့် ပရိဘောဂများနှင့် သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်ပြကွက်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်နှင့်တိုင်း ၁၄ခုမှ စုဆောင်းရရှိထားသည့် ဒေသစပါး မျိုးကွဲများ၊ လက်ရှိ စိုက်ပျိုးလျက်ရှိသည့် စပါးမျိုးများထဲမှ အထွက်ကောင်း စပါးမျိုးများ၊ ဆီထွက်သီးနှံ အထွက်ကောင်းမျိုးများဖြစ်သည့် မြေပဲ၊ နေကြာနှင့်နှမ်းပြကွက်၊ အဖိုဝတ်မှုန်မှ စပါးမျိုးသစ်ထုတ်လုပ်ခြင်း၊ ဂန္ဓမာပန်း၊ ချင်း၊ အာလူး၊ လိမ္မော်နှင့် ငှက်ပျောပင်များကို တစ်သျှူး မွေးမြူနည်းဖြင့် အမြောက်အမြားထုတ်လုပ်ခြင်းသုတေသနပြကွက်၊ စပါးတွင် ပါဝင်သည့် ပရိုတင်းနှင့် DNA များကို ဓာတ်ခွဲစမ်းသပ်ပြီး မျိုးရိုးဗီဇကွဲပြားခြားနားမှုအခြေအနေကိုလေ့လာခြင်းပြကွက်၊ သစ်ခွစပ်မျိုးပင်ကို တစ်သျှူးမျိုးပွားပျိုးပုလင်းအဆင့်မှ ပန်းပွင့်သည်အထိ အဆင့်ဆင့်စိုက်ပျိုးမွေးမြူပြသခြင်းပြကွက်နှင့် ပဲမျိုးစေ့ ၁၅မျိုးပြကွက်၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ ရော်ဘာမှ ထုတ်လုပ်သည့် ပစ္စည်းများပြကွက်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှထုတ်လုပ်သည့် တိရစ္ဆာန်ကာကွယ်ဆေးများပြကွက်၊ မွေးမြူရေးအစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းမှ တိရစ္ဆာန် အစားအစာအားဖြည့် အစာစပ်ဆေးနှင့် ကုသဆေးများပြကွက်၊ ပျားလုပ်ငန်းဦးစီးဌာနမှ ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို အခြေခံသည့် တန်ဖိုးမြှင့်ပစ္စည်း ၂၆မျိုးပြကွက်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်ပပို့ကုန်ရေထွက် ပစ္စည်းများ နမူနာပြကွက်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့မှထုတ်ဝေသော လယ်ယာ၊ သစ်တောနှင့်သားငါးများနှင့်စပ်လျဉ်းသည့် ပညာပေးစာအုပ်များနှင့် CD ရွှမ်များ ပြကွက်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ် (၂၀၀၄)အထိမ်းအမှတ်ပစ္စည်းများ အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

# ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ တိုးတက်မြင့်မားရေး

သင့်မြတ်သူ(ပခန)

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၇ရက်နေ့။ ဝသန္တရာသီမှ ပွင့်လင်းရာသီဖြစ်သည့် ဟေမန္တရာသီသို့ ကူးပြောင်းစ အချိန်။ ဤနေ့ ဤအချိန်သည် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူများအတွက် မင်္ဂလာရှိသော အခါသမယပင် ဖြစ်တော့သည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ ပြည်နယ် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန၏ ကြီးကြပ်မှုတို့ဖြင့် မြစ်ကြီးနား–ဆွမ်ပရာဘွမ် ၁၃၂မိုင်ခရီးစဉ်တွင် နေ့စဉ် ပုံမှန်ပြေးဆွဲမည့် ပုဂ္ဂလိကပိုင် 'ဆွမ်ပရာ' မော်တော်ယာဉ်အသင်း စတင်ဖွင့်လှစ်ခြင်းကြောင့် ဖြစ်သည်။

ဆွမ်ပရာဘွမ်မြို့နယ်အတွင်း မှီတင်းနေထိုင်လျက် ရှိကြသည့် ၁၃၄၃၆ဦးသော တိုင်းရင်းသားပြည်သူများအနေဖြင့် နဂိုရှိပြီး ယာဉ်လိုင်းအပြင် ယခုထပ်မံ၍ ယာဉ်လိုင်းသစ်တစ်ခု တိုးချဲ့ပြေးဆွဲလာခဲ့ခြင်းကြောင့် ယခင်ကထက် သွားလာမှု အဆင်ပြေလာပြီ ဖြစ်သည်။

ယခုအသင်းသည် ကချင်ပြည်နယ်အတွင်း ၃၅ခုမြောက် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းဖြစ်ကာ မြစ်ကြီးနား–ဆွမ်ပရာဘွမ်အကြား တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် ပြေးဆွဲသွားမည်ဖြစ်သည်။ ဆက်လက်၍လည်း ပူတာအိုမြို့အထိ ခရီးစဉ်တိုးချဲ့ပြေးဆွဲရန် ပြင်ဆင်နေပြီ ဖြစ်သည်။

ကချင်ပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီနှင့် ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခင်က သွားလာရန် ခက်ခဲသည့်ဒေသများသည် ယခုအခါ သွားလာရန် လွယ်ကူသော ဒေသများအဆင့်သို့ တိုးတက်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။ မြစ်ကြီးနား–ကန်ပိုက်တီး ၉၁မိုင် ခရီးစဉ်နှင့် မြစ်ကြီးနား–နန်းယွန်း ၁၉၃မိုင်ခရီးစဉ်များတွင် ပုံမှန်ခရီးစဉ်ဖြင့် ပြေးဆွဲမည့် ခရီးသည်/ကုန်စည်ယာဉ်လိုင်းအသစ်များ မကြာမီကာလအတွင်းတွင် ဆက်တိုက်ထွက်ပေါ်လာတော့မည် ဖြစ်သည်။ ထို့ပြင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ၏ ကျေးရွာချင်းဆက် လမ်းများကြောင့်လည်း မြို့ပေါ်နှင့် ကျေးရွာများအကြား၊ ကျေးရွာတစ်ရွာနှင့်တစ်ရွာအကြား ခရီးသည်နှင့် ကုန်စည် ကူးလူးဆက်ဆံမှု တိုးတက်များပြားလာခဲ့ပြီ ဖြစ်သည်။

ထိုသို့ နဂိုရှိပြီးယာဉ်လိုင်းများအပြင် အသစ်ထပ်မံ၍ ထွက်ပေါ်လာသည့် ခရီးစဉ်လမ်းကြောင်းအသစ်များကြောင့် ခရီးသည်တန်မိုင်နှင့် ကုန်စည်တန်မိုင် ပမာဏမှာ တိုးတက် များပြားလာကာ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍသည် တိုးတက်မြင့်မားလာပြီး ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုလျက်ရှိပြီ ဖြစ်သည်။

၂၀၀၂–၂၀၀၃ ခုနှစ် စာရင်းဇယားများအရ ပြည်နယ်၊ တိုင်းအသီးသီးတွင် ပို့ဆောင်ရေးအခန်းကဏ္ဍ၏ အသားတင်ဝန်ဆောင်မှုတန်ဖိုး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

(ကျပ်သန်း)

| စဉ် | ပြည်နယ်/တိုင်း | အကောင်အထည်ဖော်နိုင်မှု | ပြည်နယ်/တိုင်းတွင်ပါဝင်မှုအချိုးအစား | တိုးတက်မှုနှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၃၀၇၄.၇ | ၁.၄ | ၁၁.၈ |
| ၂ | ကယား | ၃၁၈.၇ | ၀.၁ | ၉.၄ |
| ၃ | ကရင် | ၂၇၈၅.၈ | ၁.၃ | ၁၈.၈ |
| ၄ | ချင်း | ၁၄၇.၆ | ၀.၁ | ၁၇.၂ |
| ၅ | စစ်ကိုင်း | ၇၉၄၆.၉ | ၃.၆ | ၂၈.၀ |
| ၆ | တနင်္သာရီ | ၁၂၄၃.၁ | ၀.၆ | ၂၇.၀ |
| ၇ | ပဲခူး | ၂၄၃၃၉.၄ | ၁၁.၁ | ၃၄.၀ |
| ၈ | မကွေး | ၆၀၃၃.၂ | ၂.၇ | ၁၅.၄ |
| ၉ | မန္တလေး | ၄၇၂၃၈.၄ | ၂၁.၅ | ၂၆.၃ |
| ၁၀ | မွန် | ၈၂၈၂.၃ | ၃.၈ | ၂၀.၄ |
| ၁၁ | ရခိုင် | ၂၀၇၀၆.၈ | ၉.၄ | ၃၃.၄ |
| ၁၂ | ရှမ်း | ၆၇၉၇.၅ | ၃.၁ | ၈၁.၉ |
| ၁၃ | ရန်ကုန် | ၅၉၄၇၆.၅ | ၂၇.၀ | ၁၀.၂ |
| ၁၄ | ဧရာဝတီ | ၃၁၅၇၆.၉ | ၁၄.၄ | ၄၈.၁ |
| | စုစုပေါင်း | ၂၁၉၉၆၇.၈ | ၁၀၀.၀ | ၂၅.၈ |

ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသည် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် ပြည်နယ်၊တိုင်းများရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရုံးများနှင့် ပေါင်းစပ်ညှိနှိုင်းကာ စာရင်းဇယားများ ထုတ်နုတ်ခြင်း၊ တွက်ချက်ခြင်း၊ ပို့ဆောင်ရေးခရီးစဉ်အသစ်များ ထောက်ခံခွင့်ပြုခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနသည် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် ပြည်နယ်၊တိုင်းများရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာနရုံးများနှင့် ပေါင်းစပ်ညှိနှိုင်းကာ စာရင်းဇယားများ ထုတ်နုတ်ခြင်း၊ တွက်ချက်ခြင်း၊ ပို့ဆောင်ရေးခရီးစဉ်အသစ်များ ထောက်ခံခွင့်ပြုခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးအစီအစဉ်အား ပိုမိုကောင်းမွန်စေသော နည်းလမ်းများ ရှာကြံ၍ အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ခရီးသည်နှင့်ကုန်စည် များပြားနေပြီး ပြေးဆွဲမည့်ယာဉ်၊ အသင်းများ နည်းပါးနေပါက ယာဉ်လိုင်းများ ထပ်မံတိုးချဲ့ပြေးဆွဲရန် စီစဉ်ပေးလျက်ရှိသည်။ ထို့အတူ ခရီးသည်နှင့်ကုန်စည် နည်းပါးနေပြီး ပြေးဆွဲမည့် ယာဉ်၊ အသင်းများ များပြားနေပါက ယာဉ်အချင်းချင်း မလိုလားအပ်သော ပြဿနာများမဖြစ်ပေါ်စေရေးအတွက် ပြေးဆွဲမှုအစီအစဉ်များအား လိုအပ်သလို ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက်ပေးလျက် ရှိသည်။

လုပ်ငန်းရှင်တစ်ဦးချင်းမှသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း၊ ပုဂ္ဂလိကပိုင်ယာဉ်လိုင်းအသစ်များ ထူထောင်၍ စီးပွားရေးလုပ်ကိုင်လိုပါက စနစ်တကျ တင်ပြလျှောက်ထား၍ ခွင့်ပြုချက်ရယူရမည်ဖြစ်သည်။ လျှောက်ထားပြေးဆွဲလိုသည့်ခရီးစဉ်၊ ပြေးဆွဲမည့်ယာဉ်အမျိုးအစားနှင့်ယာဉ်များ စည်းကမ်းထိန်းသိမ်းကြီးကြပ်မှု အစီအစဉ်၊ ညွှန်ကြားချက်များအပေါ်လိုက်နာမည့် အနေအထား၊ ပြေးဆွဲထွက်ခွာမည့်အချိန်၊ ကောက်ခံမည့်နှုန်းထား၊ စက်သုံးဆီအစီအစဉ်၊ ခရီးသည်များအပေါ် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများပါဝင်သောယာဉ်လိုင်းပြေးဆွဲရေး စီမံချက်အား ဒေသတွင်း ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနရုံးများက ကနဦးစစ်ဆေးသည်။ ဒေသနှင့်လည်း ကိုက်ညီမှုရှိပြီး ဆက်စပ်သည့် အခြားပြည်နယ်၊တိုင်းများ၏ ပို့ဆောင်ရေး အစီအစဉ်ကိုလည်း မထိခိုက်ပါက ပြည်နယ်၊တိုင်း ဒေသအာဏာပိုင်များထံ ထောက်ခံတင်ပြ၍ ဒေသအာဏာပိုင်၏ အပြီးသတ် ခွင့်ပြုချက်ရရှိမှသာ ပြေးဆွဲစေလျက်ရှိသည်။ ယခုဖွင့်လှစ်လိုက်သည့်"ဆွမ်ပရာ"ယာဉ်လိုင်းသည် မြန်မာနိုင်ငံအတွင်းရှိ ၁၉၆၄ခုမြောက် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်း ခရီးစဉ်တစ်ခုပင် ဖြစ်သည်။

ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍတိုးတက်မြင့်မားရေးအတွက် အစဉ်တစိုက် ဆောင်ရွက်ခဲ့ရာ အောက်ပါကာလတို စီမံကိန်းကာလများအတွင်း ပို့ဆောင်ရေးကဏ္ဍကြီးတွင် ပါဝင်မှုအချိုးအစား အဆင့်ဆင့် တိုးတက်မြင့်မားလာခဲ့ကြောင်း တွေ့မြင်ရမည်ဖြစ်သည်–

| စဉ် | ကာလ | ပို့ဆောင်ရေးကဏ္ဍကြီးတွင် ပါဝင်မှု အချိုးအစား |
|---|---|---|
| ၁။ | စီးပွားရေးတည်ငြိမ်မှုအစီအစဉ်ကာလ (၁၉၈၉–၉၀ မှ ၁၉၉၁–၉၂)၏ နောက်ဆုံးနှစ် | ၆၉.၀ |
| ၂။ | ပထမကာလတို ၄နှစ်စီမံကိန်းကာလ (၁၉၉၂–၉၃မှ ၁၉၉၅–၉၆)၏ နောက်ဆုံးနှစ် | ၆၃.၅ |
| ၃။ | ဒုတိယကာလတို ၅နှစ်စီမံကိန်းကာလ (၁၉၉၆–၉၇ မှ ၂၀၀၀–၂၀၀၁)၏ နောက်ဆုံးနှစ် | ၉၃.၃ |
| ၄။ | တတိယကာလတို ၅နှစ်စီမံကိန်းကာလ (၂၀၀၁–၂၀၀၂မှ၂၀၀၅–၂၀၀၆)၏ ဒုတိယနှစ် | ၉၅.၃ |

နိုင်ငံတော်သည် ၂၀၀၀–၂၀၀၁ ခုနှစ်ကို အခြေခံနှစ်အဖြစ် သတ်မှတ်ထားရှိကာ ၂၀၀၁–၂၀၀၂ ခုနှစ်မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ နှစ်၃၀ နှစ်ရှည်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ နှစ်ရှည်စီမံကိန်းတွင် ကဏ္ဍ ၁၄ ခုပါရှိလျက်ရှိရာ ပို့ဆောင်ရေးကဏ္ဍနှင့် ပတ်သက်သည့် အချက်အလက်များအား တင်ပြရပါလျှင် အခြေခံနှစ်တွင် အသားတင်ထုတ်လုပ်မှုတန်ဖိုး ကျပ် ဘီလီယံ ၁၄၆ဒသမ၃၇ ရှိခဲ့ရာမှ စီမံကိန်း၏နောက်ဆုံးနှစ်တွင် တန်ဖိုးကျပ် ဘီလီယံ ၄၈၁၆ ဒသမ ၂၃ အထိ တိုးတက်ရရှိလာစေရန် နှစ်စဉ် ပျမ်းမျှ တိုးတက်မှုနှုန်း ၁၂ဒသမ၄ တိုးတက်ရရှိစေရန်၊ အခြေခံနှစ်ထက် အဆပေါင်း ၃၂ဒသမ၉ ဆတိုးတက်လာစေရန်၊ တစ်မျိုးသားလုံး၏ပါဝင်မှုအချိုးအစားတွင်၅ဒသမ၇၇ရာခိုင်နှုန်းမှ ၁၀ဒသမ၉ရာခိုင်နှုန်းထိ တိုးတက်လာစေရန် စီမံကိန်းရည်မှန်းချက် ချမှတ်ထားရှိပြီးဖြစ်သည်။ အဆိုပါနှစ်ရှည်စီမံကိန်း အောင်မြင်ရန်အတွက် မိမိဒေသအလိုက် သယ်ယူပို့ဆောင်မှုကို တိုးတက်သည်ထက် တိုးတက်စေရန် နှစ်စဉ်ကြိုးဆောင်သွားကြရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် သယ်ယူပို့ဆောင်ရေးအပေါ်တွင် များစွာတည်မှီလျက်ရှိရာ နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုအတွင်း မြောက်ဖျားမှ တောင်ဖျားအထိလည်းကောင်း၊ အရှေ့ဖျားမှ အနောက်ဖျားအထိလည်းကောင်း ပြည်ထောင်စုလမ်းမကြီးများကို ကွန်ရက်သဖွယ် ဖောက်လုပ်စေရန် အမြော်အမြင်ကြီးစွာလမ်းညွှန်ခဲ့သဖြင့် ယနေ့အခါ ယခင်က မဖြစ်နိုင်ဟု ယူဆခဲ့သော အောက်ပါလမ်း/တံတားကြီးများ ပေါ်ထွက်လာခဲ့ပြီ ဖြစ်သည်။

| စဉ် | အကြောင်းအရာ | လမ်း/တံတား |
|---|---|---|
| ၁။ | ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ဖွင့်လှစ်ပြီးဖြစ်သည့် ပေ ၁၈၀အထက် တံတားကြီးများ | ၁၇၄ စင်း |
| ၂။ | ဆောက်လုပ်ပြီးစီး၍ မကြာမီ ဖွင့်လှစ်မည့် ပေ ၁၈၀ အထက်တံတားကြီးများ | သံသမကြီးတံတား၊ မံချောင်းတံတား၊ ဘော်ချောင်းတံတား၊ ပန်လောင်းတံတား၊ ကျောက်ချောင်းကြီးတံတား |
| ၃။ | ဆောက်လုပ်ဆဲပေ ၁၈၀ အထက် တံတားကြီးများ | ၄၄စင်း |
| ၄။ | ဆောက်လုပ်ရန် လျာထားသည့် ပေ၁၈၀အထက် တံတားကြီးများ | ၁၄စင်း |
| ၅။ | ဖောက်လုပ်ပြီးစီးတော့မည့် လမ်းမကြီးများ ထားဝယ်–မြိတ်– | ရန်ကုန်–တောင်ကုတ်–မအီ–စစ်တွေလမ်း(၅၇၂မိုင်) ကော့သောင်းလမ်း(၃၅၃မိုင်) လှိုင်းဘွဲ–ပိုင်ကျုံ–ရှမ်းရွာသစ်လမ်း(၉၅မိုင်) ရပ်စောက်–အင်တော–တာပလန်း–နောင်ချိုလမ်း(၁၄၆မိုင်) လားရှိုး–မိုးမိတ်လမ်း(၁၇၁မိုင်) ကျိုင်းတုံ–မိုင်းဆတ်လမ်း(၁၀၄မိုင်) တာချီလိတ်–မိုင်းဆတ်လမ်း(၅၉မိုင်) မိုင်းပျဉ်း–မက်မန်းလမ်း(၉၄မိုင်) မတူပီ–ပလက်ဝလမ်း(၃၅မိုင်) |

သို့ဖြစ်ပါ၍ ယခုဖွင့်လှစ်လိုက်သော မြစ်ကြီးနား–ဆွမ်ပရာဘွမ် ခရီးစဉ်တွင် ယာဉ်လိုင်းအသစ် ပြေးဆွဲမှုမှသည် နိုင်ငံတစ်ဝန်းရှိ မကြာမီ ဖွင့်လှစ်တော့မည့် လမ်းတံတားကြီးများတွင် ပို့ဆောင်ရေး ခရီးစဉ်အသစ်များ စဉ်ဆက်မပြတ် ဖော်ထုတ်ပြေးဆွဲစေခြင်းဖြင့် ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး အခန်းကဏ္ဍမှသည် ပို့ဆောင်ရေးကဏ္ဍ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်ဝန်းရှိ ခရီးသွားပြည်သူများအတွက်လည်း အထူးဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။

# ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး စေတနာရှင်များ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၇

**ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၏ စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ကျင်းပရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးရန်နိုင်ဦး၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌဦးအုံးကျော်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ငွေကျပ်သိန်း၃၀ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

## ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ငွေကျပ်နှစ်သိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ငွေကျပ် ၁၀၁၀၄၀၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးရန်နိုင်မိသားစု၊ Expo Myanmar PABX တယ်လီဖုန်း ကုမ္ပဏီတို့က ငွေကျပ်သုံးသိန်းစီ၊ ဦးထွန်းအောင်မိသားစု၊ H.W.Kကုမ္ပဏီလီမိတက်တို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်ခင်မြမြနှင့် ဒေါ်ခင်မို့မို့၊ ဦးမောင်မောင်နိုင်(အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း)၊ ငါးပိ၊ငါးခြောက်၊ ငံပြာရည်စီမံကိန်း အကျိုးဆောင်အဖွဲ့၊ ကျော်ဇေယျာ(PABX) တယ်လီဖုန်းကုမ္ပဏီ၊ ဒဂုံ–ရောပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်စခန်းမှ လုပ်ငန်းရှင်များ၊ အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းမှ လုပ်ငန်းရှင်များ၊ ဦးအောင်မင်း(တက်နေလဆောက်လုပ်ရေး)နှင့် Espiden ဆောက်လုပ်ရေးတို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူငွေကျပ် ၅၉၀၁၀၄၀နှင့် ကြူကြူမွေး စားသောက်ကုန်ထုတ်လုပ်ရေးလုပ်ငန်းစုမှ ငွေကျပ် သုံးသိန်းတန်ဖိုးရှိ မြန်မာ့ရိုးရာစားစရာအထုပ်သုံးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးတို့၏ ရှေးယခင်ကာလကတည်းကပင် အစဉ်အလာမပျက်တည်ရှိခဲ့သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ချစ်မြတ်နိုး တန်ဖိုးထားလိုသည့် စိတ်ဓာတ်၊ ထိန်းသိမ်းမြှင့်တင်လိုသည့် စိတ်ဓာတ်များ တိုးပွားလာစေခဲ့ကြောင်း၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ချစ်မြတ်နိုးသည့် စိတ်ဓာတ်များပြည့်ဝနေမှသာ မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ချစ်မြတ်နိုးသည့်စိတ်၊ အမျိုးကို စောင့်ရှောက်လိုသည့် ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်လိုသည့် စိတ်ဓာတ်များမြင့်မားတိုးတက်လာမည် ဖြစ်ကြောင်းနှင့် ယခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို မွန်မြတ်သည့် ရည်ရွယ်ချက် ခြောက်ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မျိုးချစ် စိတ်ဓာတ်ပြည့်ဝစွာဖြင့် မိမိတတ်စွမ်းသည့် ကဏ္ဍမှ ပံ့ပိုးကူညီကြသည့် စေတနာရှင် အလှူရှင်များအား ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့ကျင်းပသည့် စတုတ္ထအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင်ရရှိသည့် အလှူငွေကျပ် ၅၉၀၁၀၄၀ နှင့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများ အပါအဝင် ယနေ့အထိ စုစုပေါင်း အလှူငွေကျပ် ၂၈၆ သိန်း ငါးသောင်းသုံးထောင်နှင့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများလက်ခံရရှိထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာ–ထိုင်း မူးယစ်ဆေးဝါးပပျောက်ရေး တွေ့ဆုံဆွေးနွေး ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များရှင်းလင်းတင်ပြ

ရန်ကုန် အောက်တိုဘာ ၇

**မြန်မာ–ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအားတွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များတက်ရောက်ကြပြီး ထိုင်းနိုင်ငံ မယ်ဖာ့လုံဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် လွယ်တုန်းဖွံ့ဖြိုးရေးစီမံကိန်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mom Rajawongse Disnadda Diskul နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။**

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ မယ်ဖာ့လုံဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် လွယ်တုန်းဖွံ့ဖြိုးရေးစီမံကိန်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mom Rajawongse Disnadda Diskul က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ယောင်ခကျေးရွာတွင် ထိုင်းနိုင်ငံ၏ အကူအညီဖြင့် ၂၀၀၂ ခုနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ယောင်ခကျေးရွာအုပ်စု ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ မေးမြန်းဆွေးနွေးချက်များကို Mom Rajawongse Disnadda Diskulက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အစည်းအဝေးကို ညနေ၄နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများအစည်းအဝေး တက်ရောက်ရန်ဆွေးနွေးဖက်သုံးနိုင်ငံမှဒုတိယဝန်ကြီးများရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၇

**မြန်မာနိုင်ငံကအိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ရန်ကုန်မြို့၌ကျင်းပမည့်လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးတက်ရောက်ရန် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဒုတိယဝန်ကြီးများသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းမှစတင်၍ လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

ထိုသို့ရောက်ရှိကြရာတွင် ဂျပန်နိုင်ငံစိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Hiroyuki Kinoshitaနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Fan Xiaojian နှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Hae-Sang Parkနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင်လည်းကောင်း လေကြောင်းခရီးစဉ်များဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ အစည်းအဝေးကျင်းပရေး၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ၊ရန်ကုန်မြို့ရှိ သက်ဆိုင်ရာနိုင်ငံသံရုံးများမှ သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**(ဓဲပုံ)(သတင်းစဉ်)**





## ကွက်ကျားမိုး

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

## အမှာစကားပြောကြား

မြန်မာ–ထိုင်း နှစ်နိုင်ငံမူးယစ်ဆေးဝါး ပပျောက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို အောက်တိုဘာ ၅ ရက်က ရန်ကုန်မြို့ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြားစဉ်။

(ပြည်ထဲရေး)



# ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရန်ကုန်-ပြည်လမ်း လမ်းတံတားများ စစ်ဆေး စက်ယန္တရားများ နည်းစနစ်မှန်ကန်စွာ အသုံးချရေး မှာကြား

ရန်ကုန် အောက်တိုဘာ ၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာ ၁ ရက်က ရန်ကုန်မြို့မှ မော်တော်ယာဉ်များနှင့် ထွက်ခွာ၍ ရန်ကုန်-ပြည်လမ်း တိုးတက်ကောင်းမွန်ရေးအတွက် လမ်းတံတားလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။**

## ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ၂ ရက်တွင် ပြည်မြို့မှ ထွက်ခွာ၍ နဝဒေးတံတား ချဉ်းကပ်လမ်းနှင့် ပန်းတောင်း-တောင်ကုတ်လမ်း ပြုပြင် ထိန်းသိမ်းမှုများကို လမ်းတစ်လျှောက် စစ်ဆေးသည်။

ထို့နောက် တောင်ကုတ်မြို့မှတစ်ဆင့် မအီသို့ ဆက်လက်ထွက်ခွာခဲ့ပြီး တောင်ကုတ်-မအီလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကုတ်-မအီလမ်း မိုင်တိုင် ၁၉/၄ ဆားပြင်ရွာ အနီး စတင်တည်ဆောက်ရန်ရှိသည့် ဆားပြင်တံတား၏ တံတားအူကြောင်းနေရာ၊ တံတားအမျိုးအစား၊ တည်ဆောက်မည့် အစီအစဉ်နှင့် ဆောင်ရွက်ထားမှုအစီအမံများကို တံတားအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်က ယာယီရှင်းလင်းဆောင်၌တင်ပြရာ ဝန်ကြီးက တံတားလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် ကွန်ကရစ်ပိုင်ရိုက်စက်ကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ၃ ရက် နံနက်ပိုင်းတွင် လုံးတော်ပေါက်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တည်ဆောက်ရေးတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ထွဋ်ကလုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

## ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မအီ-ကျောက်ဖြူလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ပြီး မိုင်တိုင်၁၃/၇ ရှိ သံသမကြီးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။ ယာယီရှင်းလင်းဆောင်၌ တံတားအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်နှင့် အင်ဂျင်နီယာမှူး ဦးသီလတို့က လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ကျန်ရှိသော သံမဏိသံပေါင်တစ်ခန်းကို အမြန်ပြီးစီးရေး၊ ချဉ်းကပ်လမ်းလုပ်ငန်းများ တစ်ပြိုင်တည်းဆောင်ရွက်ရေးနှင့် အချောသပ်လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်ရေးတို့ကို မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## အမြန်ပြီးစီးရေးမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင် ၁၇/၄ ရှိ သံသမချေတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တံတားအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးမြင့်နှင့် အင်ဂျင်နီယာမှူး ဦးမြင့်လွင်တို့က လုပ်ငန်းပြီးစီးမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက လိုအပ်သောပစ္စည်းနှင့် စက်ယန္တရားများကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး ယာယီကားကူးတံတား အမြန်ပြီးစီးရေးဆောင်ရွက်ရန် မှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် မအီ-ကျောက်ဖြူလမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင် ၂၆/၁ ရှိ မင်းကြောင်း ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင် **(ဝဲပုံ)**သို့ ရောက်ရှိကြသည်။ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ တံတားအထူး အဖွဲ့(၁၁)မှ အင်ဂျင်နီယာမှူးဦးတင်စိုးက လုပ်ငန်းပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်နှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မိုင်တိုင် ၂၁/၁ ရှိ ဝမ်ဖိုက်ချောင်းတံတား တည်ဆောက်မည့်နေရာနှင့် တံတားအူကြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ထိုမှတစ်ဆင့် မိုင်တိုင် ၁၉/၂ ရှိ သဇင်တန်တံတားသို့ရောက်ရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မအီ-ကျောက်ဖြူလမ်းပေါ်၌ အဓိကတံတားကိုးစင်း တည်ဆောက်ရန်ရှိရာ ကျောက်ကြီးပေါက်၊ စနဲပေါက်နှင့် ဒီးဒုတ်ပေါက်တံတားသုံးစင်းမှာ တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည်။ လုံးတော်ပေါက်၊ သံသမကြီး၊ သံသမချေ၊ သဇင်စနဲပေါက်၊ မင်းကြောင်းချောင်းတံတားငါးစင်းမှာ တည်ဆောက်ဆဲဖြစ်ပြီး ဝမ်ဖိုက်တံတားတစ်စင်းသာ တည်ဆောက်ရန်ကျန်ရှိသည်။ တံတားများ တည်ဆောက်ရာတွင် အသုံးပြုသော သံမဏိသံပေါင်များမှာ သံချေးအလွယ်တကူ မတက်နိုင်သော Gal Vanized Steel များဖြစ်ကြောင်း သိရှိရသည်။

ဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ၄ ရက် နံနက်ပိုင်းတွင် မအီ-ကျောက်ဖြူလမ်း စီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က လုပ်ငန်းစီမံချက် အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

## အရှည်အသွေးထိန်းသိမ်း

ဝန်ကြီးက Geotextile အသုံးပြု၍ လမ်းခင်းခြင်းမှာ နည်းစနစ်သစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ မြေသားသိပ်သည်းမှုရရှိစေရေးအတွက် စက်ယန္တရားများကို နည်းစနစ် မှန်ကန်စွာဖြင့်အသုံးပြုရန်၊ ပျက်စီးမှုနည်းပါးစေရေးအတွက် ထိန်းသိမ်းရန်၊ အရှည်အသွေးထိန်းသိမ်းမှုကို အလေးထားဆောင်ရွက်ရန်၊ တည်ဆောက်ရေးပစ္စည်းများကို လေလွင့်မှုမရှိစေရန်၊ ကုန်ကျစရိတ်နည်းပါးစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သံသမကြီးတံတားလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ကျန်ရှိသော သံပေါင်တပ်ဆင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ယာယီဘေလီငြမ်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သံပေါင်စတင်တပ်ဆင်နေမှုများကို အားပေး ကြည့်ရှု စစ်ဆေးသည်။

မအီ-ကျောက်ဖြူလမ်းမှာ မအီ-မင်းကြောင်း၂၆မိုင်၊ မင်းကြောင်း-စနဲခုံမင်၁၆မိုင်၊ စနဲခုံမင်-ကျောက်ဖြူ ၃၄ မိုင် ၃ ဖာလုံ စုစုပေါင်း ၇၆ မိုင် ၃ ဖာလုံရှိသည်။ အဆိုပါလမ်းရှိ ပင်လယ်ရေ အတက်အကျရှိသည့် ဗျိုးတောရေမြုပ် အပိုင်းများ၌ Geotextile နည်းပညာကို အသုံးပြု၍ ကားလမ်းသစ်ဖောက်လုပ်လျက်ရှိပြီး ပွင့်လင်းရာသီတွင် ကျောက်ဖြူမြို့အထိ သွားလာနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



Akele Hum Akele Tum

**ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

**ရုပ်ရှင်သတင်းထောက်**

# ရင်ခုန်သံ အရင်းနှီးဆုံးဇာတ်ကား ရုံသုံးရုံအပြိုင်ဝင် ဆုံစည်းစေဇာတ်ကား ရွှေ့ဆောင်ရုံ၌ ဆက်လက်ပြသ

**ရန်ကုန် အောက်တိုဘာ ၇**

ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်ရိုက်ကူးသည့် **'ရင်ခုန်သံ အရင်းနှီးဆုံး'** ဇာတ်ကားသမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် အပြိုင်ရုံဝင်လာသည်။

## ရင်ခုန်သံ အရင်းနှီးဆုံး

**'ရင်ခုန်သံ အရင်းနှီးဆုံး'** တွင် ဒွေး၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ အေးဝတ်ရည်သောင်း၊ နှင်းဝတ်ရည်သောင်း၊ ချောရတနာတို့ခေါင်းဆောင်ပါဝင်ထားသည်။ ချစ်သူတိုင်းပေါင်းနိုင်ကြရေး အနစ်နာခံကူညီတတ်သော သူရိန်တစ်ယောက် ကံကြမ္မာက မျက်နှာသာမပေးဘဲ လမ်းလွဲ ပေးလိုက်သော အခါ ချစ်သူကို တစ်ပါးသူနောက် ကောက်ကောက်ပါအောင် ခိုးပေးမိ၍ အဝေးကြီးဝေးသွားရပုံများကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည်။ ရင်ခုန်သံ အရင်းနှီးဆုံး ဖြစ်အောင်လည်း အချစ်ဆုံးက အဝေးဆုံး ဖြစ်သွားရသော လွမ်းမောကြေကွဲဖွယ်၊ ဆွတ်ပျံ့ဖွယ် အချစ်ဇာတ်လမ်းဖြစ်သည်။

## I, Robot

နဝဒေးနှင့်နေပြည်တော်ရုံတွင် I, Robot ဇာတ်ကား ဆက်လက်ပြသ နေပြီး ရွှေ့ဆောင်ရုံတွင် ဒါရိုက်တာ ဝင်းထွန်းထွန်း၏ **'ဆုံစည်းစေ'** ဇာတ်ကား ဆက်လက်ပြသနေသည်။

## ပင်လယ်မင်းသား

ဒါရိုက်တာမောင်မျိုးမင်း ရင်တွင်းဖြစ်၏ **'ပင်လယ်မင်းသား'** ဇာတ်ကား ဝဇီရာရုံတွင် အောင်ပွဲခံလျက်ရှိသည်။ ရွှေဂုန်ရုံတွင် **Money Train** ဇာတ်ကား ရုံဝင်လာသည်။ ငွေသိမ်းရထားကြီးကိုလုယူရန် ကြံသူကို အချိန်မီတားဆီးကာကွယ် လိုက်နိုင်သော အက်ရှင်ဇာတ်ကားဖြစ်သည်။

## Akele Hum Akele Tum

တန်းမြင့်မြို့မရုံတွင် **Akele Hum Akele Tum** အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ တေးဂီတဝါသနာပါသူ အဆိုတော် တစ်ဦး၏ဘဝကို ဇာတ်လမ်းဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ။

**(မြန်မာ့အလင်း)**



**I, Robot**

**ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။**



**ရင်ခုန်သံအရင်းနှီးဆုံးဇာတ်ကားမှ ဒွေးနှင့်အိန္ဒြာကျော်ဇင်။**

# သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရန်ကုန်သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၇

**သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၉ နာရီခွဲက သန်လျင်မြို့ရှိ ရန်ကုန်သမဝါယမဒီဂရီကောလိပ်သို့ ရောက်ရှိရာ စုဝေးခန်းမဆောင်၌ ကျောင်းအုပ်ကြီး ဦးတင်ဝင်းက ရန်ကုန်သမဝါယမဒီဂရီကောလိပ်၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။**

### အဆင့်မြင့်ပညာသင်ကြားပေး

ထို့နောက် ဝန်ကြီးက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ အမျိုးသားပညာရည် မြင့်မားရေးအတွက် နိုင်ငံတော်က ပညာရေးမြှင့်တင်မှုအစီအစဉ်များချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အချိန်အခါသည် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာထွန်းကားသော ခေတ်အခါဖြစ်ရာ ဆရာ ဆရာမများသည် ခေတ်မီသော အတွေးအခေါ်၊ တိုးတက်သော အတတ်ပညာများကို အစဉ်လေ့လာဆည်းပူးလျက် ကျောင်းသားကျောင်းသူများအား အဆင့်မြင့်နည်းပညာများကို သင်ကြားပေးရန်ဖြစ်ကြောင်း။

### တိုးမြှင့်သင်ကြား

သမဝါယမ ဒီဂရီကောလိပ်တွင် ကျောင်းသား ကျောင်းသူများအတွက် အင်္ဂလိပ်စာ၊ စီးပွားရေး စာရင်းအင်းပညာ၊ ကွန်ပျူတာနှင့် စီမံခန့်ခွဲမှုဘာသာရပ်များကို အဓိကထားသင်ကြားပေးခြင်းကြောင့် ပြင်ပလက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချနေသည်ကို တွေ့ရှိရကြောင်း၊ အရည်အချင်းရှိသူများ ပေါ်ထွက်ရန် တိုးမြှင့်သင်ကြားရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

### ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကွန်ပျူတာခန်းမကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဥတ္တရဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်ဆဲလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ နဂါးမင်းအထွေထွေထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် ဥက္ကဋ္ဌ ဦးမြတ်ထွန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

### လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် နေလအထွေထွေထုတ်ကုန်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်က တာဝန်ယူဆောင်ရွက်သော သန်လျင်-ကျောက်တန်း ဒေသဖွံ့ဖြိုးရေး စီမံကိန်းနယ်မြေ မြတ်ရတနာအောင်ချမ်းသာ တိုးချဲ့ခေတ်မီတန်ဖိုးနည်းအိမ်ရာ စီမံကိန်းသို့ ရောက်ရှိရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့က ရှင်းလင်းဆောင်၍ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းမှာကြားပြီး လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ပြီးအိမ်ရာများနှင့် မြေကွက်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးစိုးမြင့်အား တူရကီသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**ရန်ကုန် အောက်တိုဘာ ၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစိုးမြင့်အား တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**



**ကွယ်လွန်သူ ဖခင်ကြီး ဦးလေးခွီးအား ရည်စူး၍ အမှတ် ၄၄ (သုံးထပ်) ၂၄ လမ်း လသာမြို့နယ်နေ ဦးတင်ဝင်း-ဒေါ်စန်းမြင့်နှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် နှစ်သိန်းကို စက်တင်ဘာ ၁၂ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။**

(က-ပ)

# မိုးကုတ်ဝိပဿနာ ခုနစ်ရက်စခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၇**

ပန်းတနော်မြို့ သာသနာ့ဟိတာရာမ ပုခန်းကျောင်းတိုက်၌ (၅၃)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၆ ခုနှစ် တော်သလင်းလကွယ် ၁၅ ရက်မှ သီတင်းကျွတ်လဆန်း ၆ ရက် (အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်)အထိ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းပွဲ၌ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့ချုပ်မှ ဆရာတော် ဦးတေဇိန္ဒ၊ ဆရာတော် ဦးကောဝိဒနှင့် ဦးဝိမလတို့က ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ပဋိစ္စသမုပ္ပါဒ် တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ တော်သလင်းလပြည့်ကျော် ၁၄ ရက် (အောက်တိုဘာ ၁၂ ရက်) ညနေ ၅ နာရီ အရောက်လာရောက်ကြရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# မုန်တိုင်းအထူးသတင်း

ရန်ကုန် အောက်တိုဘာ ၇

**ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံ(ကိုလ်ကာတာ)မြို့၏တောင်ဘက် မိုင် ၃၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ယင်းမုန်တိုင်းငယ်သည် ပိုမိုအားကောင်းလာကာ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်သည်။**

**မုန်တိုင်းငယ်၏အရှိန်ကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးကာ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။**

(သတင်းစဉ်)

# မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ၏ ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပမည့်

## (Growing with Nature: ASEAN's Environmental Challenges)

## သဘာဝနှင့်အတူ ဖွံ့ဖြိုးမှု-အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဓာတ်ပုံပြိုင်ပွဲဆိုင်ရာ စည်းကမ်းချက်များ

၁။ **ပြိုင်ပွဲခေါင်းစဉ်။** "Growing with Nature - ASEAN Environmental Challenges"

**(ဓာတ်ပုံပြိုင်ပွဲ၏ အဓိကအကြောင်းအရာမှာ Growing with Nature- ASEAN's Environmental Challenges ဖြစ်ပါသည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲမှသည် အများပြည်သူများ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်များကို ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ခရီးသွားလာခြင်းလုပ်ငန်း၊ ကုန်သွယ်ခြင်း၊ လူမှုရေးနှင့် လူသားအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်စေရန်တို့အတွက် ကျင်းပသည့် အစီအစဉ်ဖြစ်ပါသည်။)**

၂။ **ပြိုင်ပွဲရည်ရွယ်ချက်။** အာဆီယံ၏ ပတ်ဝန်းကျင်စိန်ခေါ်မှုများကို ဒေသဆိုင်ရာ ဓာတ်ပုံပြပွဲ/ပြိုင်ပွဲမှတစ်ဆင့် ပိုမိုအာရုံစိုက်လာစေရန်နှင့် ASEAN-COCI အတွက် လိုအပ်သော သတင်းအချက်အလက်များအဖြစ် သုံးစွဲနိုင်မည့် ဓာတ်ပုံများ စုဆောင်းရရှိစေရန်။

၃။ **ရွေးချယ်မှုစံများ (Selection Criteria)**

- ပြိုင်ပွဲအကြောင်းအရာ Theme နှင့် ကိုက်ညီရမည်။
- အနုပညာမြောက်ရမည် (Aesthetic of the Photograph)
- Composition, Balance, Colour and Organization ကောင်းမွန်မှန်ကန်ရမည်။
- အာဆီယံ၏စံနမူနာနှင့်အစီအစဉ်ကိုဖော်ပြနိုင်သည့် ထူးခြားသောအကြောင်းအရာဖြစ်ရမည်။
- ဓာတ်ပုံဆရာ၏ဖော်ပြထားသည့် ရှင်းလင်းတင်ပြချက်ကို ထင်ဟပ်ထားသော ဓာတ်ပုံဖြစ်ရမည်။

၄။ **တင်သွင်းရမည့်စည်းကမ်းချက်များ (Entry Rules)**

(က) Category A = အသက် ၁၃နှစ်မှ ၁၇နှစ်အထိ(ကျောင်းသား၊ကျောင်းသူများဖြစ်ရမည်)
Category B = အသက် ၁၈ နှစ်နှင့်အထက် (Open to all)

(ခ) ဝင်ကြေးမရှိပါ။

(ဂ) မိမိနိုင်ငံတွင်း၌ ရိုက်ကူးထားသော Original ပုံ ဖြစ်ရမည်။ အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ဆုရထားဖူးသော ပုံများမဖြစ်ရ။

(ဃ) အာဆီယံအကြောင်းအရာ (ASEAN Message) ကို အထူးဖော်ပြသောပုံများဖြစ်ရမည်။

(င) 8" x 10" (205 mm x 255 mm) ရောင်စုံဓာတ်ပုံကို 35 mm Camera ဖြင့် ရိုက်ထားသော Negative ပူးတွဲ၍ တင်သွင်းရမည်။ တင်သွင်းသော Negative သည် မူရင်းဖြစ်ရမည်။
(ကွန်ပျူတာဖြင့် ပြုပြင်ဖန်တီးထားမှု မဖြစ်စေရ)

(စ) ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်သော်လည်း တစ်ပုံသာ ဆုရပိုင်ခွင့်ရှိသည်။

(ဆ) ပြိုင်ပွဲဝင်ပုံအသီးသီး၏နောက်ကျောတွင် အောက်ပါအချက်များ ပူးတွဲပါရှိရမည်-
- ဓာတ်ပုံ၏ အကြောင်းအရာ (Title or Caption)
- ဓာတ်ပုံ၏ အကြောင်းအရာနှင့် ထူးခြားချက်ကို အတိုချုပ်ဖော်ပြချက် (Short Annotation) (စာလုံးရေ ၅၀ မှ ၁၀၀ အတွင်း)
- ဓာတ်ပုံရိုက်ကူးခဲ့သော နေရာနှင့်ရက်စွဲ
- ဓာတ်ပုံဆရာ၏ နာမည်အပြည့်အစုံ၊ လူမျိုးနှင့်လိပ်စာ
- ပြိုင်ပွဲဝင်သူ၏ Passport Size ဓာတ်ပုံသုံးပုံ(နောက်ကျောတွင်အမည်ရေး၍)
- Category A အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ အသက်ထောက်ခံချက် ပူးတွဲပါရှိရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအပ်နှံသည့်နေရာတွင် ပြိုင်ပွဲဝင်သူမှ Application Form ကို တစ်ပါတည်း ရေးသွင်းပေးထားခဲ့ရမည်။

၅။ **တင်သွင်းရမည့်ရက်** (Closing Date) **နှင့် ပေးပို့ရန်လိပ်စာ**

အောက်ပါလိပ်စာသို့ ၁၂-၁၀-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။
ဦးထွန်းမင်း (ညွှန်ကြားရေးမှူး)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၅၂၄၅၇

၆။ **ဆုချီးမြှင့်ခြင်း**

(က) ပြည်တွင်းဆု (National Level)
- Category A = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၂၀၀ စီ ချီးမြှင့်မည်။
- Category B = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၈၀၀ စီ ချီးမြှင့်မည်။

(ခ) **ဒေသဆိုင်ရာဆု** (Regional Level)

| | | | |
|---|---|---|---|
| – Category A | = | ပထမဆု | **FEC** ၈၀၀ |
| | | ဒုတိယဆု | **FEC** ၆၀၀ |
| | | တတိယဆု | **FEC** ၄၀၀ |
| | | အထူးဆုနှစ်ဆု | **FEC** ၃၅၀ စီ။ |
| – Category B | = | ပထမဆု | **FEC** ၂၀၀၀ |
| | | ဒုတိယဆု | **FEC** ၁၅၀၀ |
| | | တတိယဆု | **FEC** ၁၀၀၀ |
| | | အထူးဆုနှစ်ဆု | **FEC** ၇၅၀ စီ။ |



စက်တင်ဘာ ၂၆ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကမ်းနားလမ်း ရေမြောင်းများ တူးဖော်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် ဦးစီးအရာရှိ ဦးဘဂွမ်တို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ရေဦးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးဗိုလ်လုပွဲယှဉ်ပြိုင် အနိုင်ရအသင်းနှင့် ထူးချွန်အားကစားသမားများအားဆုချီးမြှင့်

**ရေဦး အောက်တိုဘာ ၃**

ရေဦးမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို စက်တင်ဘာ ၃၀ရက် ညနေ ၃ နာရီက မြို့မအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အောင်ဆန်းရပ်ကွက် ဘောလုံးအသင်းက မန်ကျည်းတောရွာ ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသည်။

ဆက်လက်၍ အနိုင်ရအသင်းနှင့် ထူးချွန်အားကစားသမားများအား ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိန်မောင်ဝင်းနှင့် တာဝန်ရှိသူများက ပထမဆုရ အောင်ဆန်းရပ်ကွက် ဘောလုံးအသင်းအား ဆုဖလားနှင့် ကျပ်ငွေတစ်သိန်းငါးသောင်းကိုလည်းကောင်း၊ ဒုတိယဆုရ မန်ကျည်းတောရွာ ဘောလုံးအသင်းအား ဆုဖလားနှင့် ကျပ်ငွေတစ်သိန်းကိုလည်းကောင်း၊ တတိယဆုရ ကင်းတိန်ရံ ကျေးရွာဘောလုံးအသင်းအား ဆုဖလားနှင့် ငွေကျပ်ခုနစ်သောင်းငါးထောင်ကိုလည်းကောင်း၊ အသန့်ရှင်းဆုံးဆုရ မုံတိုင်ပင်ရွာဘောလုံးအသင်းအား ဆုငွေကျပ်တစ်သောင်းငါးထောင်ကိုလည်းကောင်း၊ ဂိုး၊ ရှေ့တန်း၊ နောက်တန်းနှင့် အလယ်တန်း ထူးချွန်သူဘောလုံးသမားလေးဦးအား ကျပ်တစ်သောင်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ဝဲပုံ)** (၃၇၈)

## (၅၈)ကြိမ်မြောက် သွေးလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၇**

ပဲခူးတိုင်း ရေတာရှည်မြို့ မဟာဓမ္မဒိပိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနိမ္မလာနန္ဒ (ဓမ္မာစရိယ၊ ဝိနယရေ၊ ဝိနယဝိဒူ) **(အပေါ်ပုံ)**သည် (၅၇)ကြိမ်မြောက် တိပိဋကစာမေးပွဲနှင့် တိပိဋက ဆရာတော်များကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၉ရက်က ရန်ကုန်မြို့ ဗဟိုအမျိုးသား သွေးလှူဘဏ်၌ (၅၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(က-ပ)**

## နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ရေစကြိုမြို့တွင် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရေစကြို စက်တင်ဘာ ၂၁**

ရေစကြိုမြို့နယ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို အထက(၁) မင်းရာဇာခန်းမဆောင်တွင် စက်တင်ဘာ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရေစကြိုမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းက အမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူးဦးဝင်းမြင့်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးမြို့နယ်ဦးစီးမှူး ဦးတင်အောင်ခိုင်တို့က စာတတ်မြောက်ရေးနေ့နှင့် ပတ်သက်သော အကြောင်းအရာများ ရှင်းလင်းပြောကြားပြီး စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ပေးအပ်သည်။ (၂၅၁)



**လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း လမ်းများ ပေါက်ပြဲမှု မရှိစေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ စိန်ရတုလမ်း တစ်လျှောက်တွင် လမ်းပေါက်များ ဖာထေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို လက်ထောက်အင်ဂျင်နီယာ ဦးကိုကို ကြပ်မတ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)







## အမြို့မြို့ အနယ်နယ် သတင်းများ

**စက်တင်ဘာ ၂၆ရက်က ကျိုက်လတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)ကို ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေဝါလတ် ခန်းမတွင်ကျင်းပရာ ဖျာပုံခရိုင်အသင်း အတွင်းရေးမှူး ဦးအေးကြိုင် အမှာစကားပြောကြားစဉ်။** (က-ပ)

**စဉ့်ကူ အောက်တိုဘာ ၃**

## စဉ့်ကူမြို့နယ်လုံးဆိုင်ရာ စုပေါင်းဆွမ်းဆန်လောင်းလှူပွဲ

အကြိမ်(၃၀)မြောက် စဉ့်ကူမြို့နယ်လုံးဆိုင်ရာ စုပေါင်း ဆွမ်းဆန်တော်လောင်းလှူပွဲကို သီတင်းကျွတ်လပြည့် အောက်တိုဘာ ၂၈ ရက် ညနေ ၃ နာရီတွင် ပင့်သံဃာ ၂၈၅ ပါးအား ငွေပဒေသာပင်နှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကို ချောက်-ညောင်ဦးကားလမ်းမကြီးပေါ်ရှိ စဉ့်ကူစာတိုက်အနီး ဗဟိုမဏ္ဍပ်၌ စည်ကားစွာလောင်းလှူမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် စဉ့်ကူမြို့ တိုက်သစ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမ ဖုန်း ၀၂-၆၇၃၇၄နှင့် ချောက်၊ ကျောက်ပန်းတောင်း၊ ရေနံချောင်း၊ ဆိပ်ဖြူ၊ လမ်းရွာ၊ ဝါခီ၊ စလေ၊ ညောင်ဦး၊ ပုဂံ၊ စဉ့်ကူမြို့များရှိ ဆွမ်းဆန်တော်လောင်းလှူပွဲ အကျိုးတော်ဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး အကြိုတရားပွဲများကို ညစဉ် ၇နာရီမှစ၍ ဗဟိုမဏ္ဍပ်၌ အောက်တိုဘာ ၂၇ရက်တွင် မင်းကွန်းမိုးမိတ်ကုန်းမြေ အဌမမြောက်(ရွှေ) တိပိဋကဆရာတော် ဘဒ္ဒန္တဝံသပါလ၊ အောက်တိုဘာ ၂၆ရက်တွင် ရေနံချောင်းမြို့ ရွှေတောင်ပါဠိတက္ကသိုလ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဆရာတော် ဘဒ္ဒန္တခေမိတ၊ အောက်တိုဘာ ၂၅ရက်တွင် ပခုက္ကူ မဟာဝိသုတာရာမတိုက် ဂဏဝါစကအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘဏတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

## ဟိုပင်မြို့ ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

**ဟိုပင် စက်တင်ဘာ ၂၈**

ဟိုပင်မြို့ရှိ မြို့သစ်ကလေးဆည်အတွင်းငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက်ညနေ ၅ နာရီက အဆိုပါဆည်တွင် ကျင်းပရာ ကချင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအန့်ကြည်၊ ဒုတိယပြည်နယ်မှူး ဦးမင်းနောင်၊ ဦးနန်လုံနှင့် မြို့နယ်တာဝန်ခံအရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဆည်အတွင်းသို့ ငါးသန်အရွယ်ငါးမြစ်ချင်းကောင်ရေ၁၀၀၀၀၀၊ ရွှေငါးကြင်းကောင်ရေ ၂၀၀၀၀၊ တီလားပီးယားကောင်ရေ ၃၀၀၀၀ စုစုပေါင်းငါးသန်အရွယ်ငါးမျိုး၁၅၀၀၀၀ ကိုငါးမျိုးစိုက်ထည့်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## သာကေတ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဝါဆိုသင်္ကန်းကပ်လှူ

**ရန်ကုန် အောက်တိုဘာ ၇**

သာကေတမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို အလုပ်အမှုဆောင်အဖွဲ့ဝင် စာရေးဆရာ မင်းစိုးယဉ်၏ အမှတ် ၆၃၁၊ ရွှေပြည်သာလမ်း ၆/အနောက်ရပ်ကွက် သာကေတမြို့နယ် နေအိမ်တွင် စက်တင်ဘာ ၂၅ ရက်က ကျင်းပရာ သံဃာတော်ငါးပါးအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းပြီး သာကေတမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်းက စာပေညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဒုတိယဥက္ကဋ္ဌ သာရဝေါ စိုးကြည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အတွင်းရေးမှူးအဖြစ်ထိန်လင်း (ရန်ကုန်တက္ကသိုလ်) တို့က ဆောင်ရွက်ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ စာပေညီလာခံ ဗဟိုဦးစီး အစည်းအဝေး၌ မိန့်ကြားသော မိန့်ခွန်း၊ ပြန်ကြားရေးဝန်ကြီး၏ မိန့်ခွန်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)၏ အစီရင်ခံစာများကို ရှင်းလင်းဖတ်ကြားသည်။ **(က-ပ)**





**စက်တင်ဘာ ၄ ရက်က ပခုက္ကူမြို့နယ် မြို့မလမ်း လမ်းလယ်ကျွန်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်တာဝန်ရှိသူများ ကြီးကြပ် ဆောင်ရွက်ကြစဉ်။**
(မြို့နယ်စည်ပင်)

# အုတ်တွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ



အုတ်တွင်း အောက်တိုဘာ ၃

**အုတ်တွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို စက်တင်ဘာ ၃၀ရက် နံနက် ၉နာရီခွဲက အုတ်တွင်းမြို့ သီရိရတနာခန်းမတွင်ကျင်းပသည်။**

အခမ်းအနားတွင် တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူးဦးဝင်းနိုင်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌဦးဖေခင်(**ယာပုံ**)တို့က အမှာစကား ပြောကြားကြပြီး အုတ်တွင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးသန်းထိုက်က အသင်း၏ တစ်နှစ်တာ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ထူးချွန်စွာဆောင်ရွက်ခဲ့သော ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ရပ်ကွက်ဥက္ကဋ္ဌများ၊ ကျေးရွာ စည်းရုံးရေးမှူးများအား ပဲခူးတိုင်းအလုပ်အမှုဆောင် ဒေါ်ခင်ချိုနွယ်ဦး၊ တောင်ငူခရိုင် တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးဖေခင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၃၁၆)**

# တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

**ပြည် အောက်တိုဘာ ၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်း၏ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေဆိုင်ရာ လုပ်ငန်းဆင့်ပွား သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၃ ရက်နံနက် ၉ နာရီခွဲက ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မြေစာရင်းဦးစီးဌာနရုံးခန်း၌ ကျင်းပရာ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးချစ်ဆွေက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ဝဲပုံ)**

အခမ်းအနားသို့ တိုင်းအတွင်းရှိ ခရိုင်၊ မြို့နယ်မြေစာရင်း ဦးစီးဌာနမှူးများ တက်ရောက်ကြပြီး သင်တန်းတွင် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးတင့်လွင်က မြန်မာနိုင်ငံ၌ တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေဆိုင်ရာ လုပ်ငန်း ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(က-ပ)**




**မော်လမြိုင်ကျွန်း မြို့မ(၁၀)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို စက်တင်ဘာ ၂၇ ရက်က ရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်လွင်က ရပ်ကွက်ဥက္ကဋ္ဌ ဦးညိမ်းမြင့်ထံ နိုင်ငံသား စိစစ်ရေးကတ်ပြားများပေးအပ်စဉ်။** (၀၉၇)

## အမြို့မြို့ အနယ်နယ် သတင်းများ



**စက်တင်ဘာ ၂၇ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ အဖွဲ့ပိုင် စိုက်ခင်းအတွင်း စိုက်ခင်းများ ပြုပြင်ခြင်းနှင့် မြက်ပင်များရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစံလွင်အေး ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ရေတာရှည်မြို့နယ်၌ ပညာအမွေအနှစ် စာကြည့်တိုက်ဖွင့် စာကြည့်တိုက်အကြောင်းသိကောင်းစရာများရှင်းလင်း

**ရေတာရှည် အောက်တိုဘာ ၄**

မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ရေတာရှည် မြို့ အမှတ် (၆၁)သစ်စက် ပညာအမွေအနှစ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကို စက်တင်ဘာ ၂၀ ရက်နံနက်ကကျင်းပရာ စက်ရုံမှူး ဦးဇော်မြင့်၊ မြို့နယ်ဥက္ကဋ္ဌဦးကျော်သန်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် လက်ထောက်အထွေထွေမန်နေဂျာ ဦးထိန်ဝင်းက စာကြည့်တိုက်၏ အကျိုးကျေးဇူးများလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းသန်းနှင်းက စာကြည့်တိုက်အကြောင်းသိကောင်းစရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး အလှူရှင်များက စာအုပ်စုစုပေါင်း ၃၅၀ နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်သန်းသန်းနှင်းက စာအုပ် ၅၀ ပေးအပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အသံ

**၉-၁၀-၂၀၀၄(စနေနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၀၉:၄၅ အာဆီယံအစီအစဉ်
- ၁၀:၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (နွားနောက်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ)
- ၁၁:၃၅ မေတို့ရေးရာသိမှတ်စရာ (အမျိုးသမီးဆိုတာ အမေမျိုးကွယ့် အားကိုးထိုက်သူဖြစ်ပေတယ်- ဒေါက်တာမတင်ဝင်း)
- ၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂:၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
- ၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း-အင်္ဂလိပ်စာ)

**ညနေပိုင်း**

- ၁၇:၀၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ(၁၀-၁၅)နှစ် အမျိုးသမီးများနှင့် အခြေခံပညာ (၅-၁၀)အမျိုးသားများ လေ့လာရန် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး
- ၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ပြိုင်ပွဲဝင်အားကစားသမားများအတွက် လိုအပ်သောအာဟာရ)
- ၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက်
- ၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ရတနာမြိုင်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ချောစုခင်၏ ခြေလှမ်းလေးတွေ တေးစီးရီး)
- ၂၀:၀၀ မြန်မာ့အသံအဖွဲ့မှ တေးသံစုံ



**စက်တင်ဘာ ၂၉ ရက်က စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(အောက်မြန်မာပြည်) ဦးအုန်းညွှန့်၊ ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောမြို့ရေပေးရေး၊ သန့်ရှင်းသာယာလှပရေးနှင့် လမ်းတံတားတည်ဆောက် ပြုပြင်မှုလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမင်းတို့က ရှင်းလင်းပြသကြစဉ်။** (က-ပ)



**စက်တင်ဘာ ၂၃ ရက်က ချောက်မြို့နယ်မြေခွန်ကျေးရွာ ဒီပင်္ကရာ ဘုရား အနီး လေးလက်မ စက်ရေတွင်း တူးဖော်သည့်လုပ်ငန်းခွင်သို့ မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦး ကျော် လင်း နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးတင်စိုးတို့ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြကြစဉ်။**

(မြို့နယ်စည်ပင်)



# မြို့သာယာလှပရေး စုပေါင်းဆောင်ရွက်

**မိုးညှင်း စက်တင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ၁၈ရက် နံနက်က မြို့နယ် စည်ပင်သာယာရေး ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် မိုးညှင်းရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များ၊ အောင်သပြေရပ်ကွက်ပြည်သူများ စုစုပေါင်း ၁၂၀ ကျော်တို့သည် မြို့နယ်အားကစားကွင်း ဝန်းကျင်နှင့် ပြည်ထောင်စုကားလမ်း၊ အမှတ်(၂)စည်ပင်သာယာဈေးတို့တွင်ချုံနွယ်များရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ကြသည်။ **(၁၅၂)**

# ဟန်ဒွိုင်းရေနံလုပ်ငန်းစဉ်အရ မဟာဗျူဟာလုပ်ငန်းများချမှတ်ဆောင်ရွက်ရာတွင် တိုးတက်မှုများအပေါ် ခြုံငုံသုံးသပ် ဗီယင်ကျန်းလုပ်ငန်းစဉ်အသစ် အကောင်အထည်ဖော်ရာ၌ ခိုင်မာသောလုပ်ငန်းစဉ်များ ရေးဆွဲရန်လိုအပ် မည်သည့်ဟန့်တားမှု၊ မည်သည့်အခက်အခဲရှိသည်ဖြစ်စေ အာဆီယံစိတ်ဓာတ်ဖြင့်အောင်မြင်စွာကျော်လွှားနိုင်မည်ယုံကြည်

ရန်ကုန် အောက်တိုဘာ ၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏(၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာ့အေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻



မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်နိုင်

ရန်ကုန် အောက်တိုဘာ ၇

၂၀၀၄ ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးဘောလုံးအသင်းက အင်ဒိုနီးရှားအမျိုးသမီးဘောလုံးအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

စာမျက်နှာ ၇ ကော်လံ ၃ ☆

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကမ္ဘာတစ်လွှားထူးထူးခြားခြား

### ကျင်မော်မျှော်စင်ထိပ်မှ လေထီးခုန်ပြ

တရုတ်ပြည် ရှန်ဟိုင်းမြို့တွင် ၂၀၀၄ ကျင်မော်မျှော်စင် အင်တာနေရှင်နယ် ဘေ့စ်ဂျမ်းပင်းပြပွဲတွင် အမြင့် ၄၂၁မီတာ ရှိသော ကျင်မော်မျှော်စင်ထိပ်မှနေ၍ လေထီးခုန်သူများ လေထဲသို့ ခုန်ချကြစဉ်။ **(အောက်ပုံ)**

**(ဓာတ်ပုံ-အင်တာနက်)**





### ဘီစီ၅ရာစုအစက ရွှေထည်ပစ္စည်းများ

ရှေးဟောင်းသုတေသန ပညာရှင်များသည် ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ အရှေ့ဘက် ကီလိုမီတာ ၂၀၀ခန့်ရှိ ရှစ်ပ်ကာကျေးရွာအနီးရှိ ဂူသင်္ချိုင်းတစ်ခုမှ ရွှေသားအတိဖြင့်ပြုလုပ်ထားသော ရှေးဟောင်းရွှေထည်ပစ္စည်းများကို တူးဖော်ရရှိခဲ့ကြသည်။ **(အပေါ်ပုံ)**

ယင်းရှေးဟောင်းရွှေထည်ပစ္စည်းများသည် ဘီစီ ၅ရာစု၌ သွန်းလုပ်ခဲ့သော ပစ္စည်းများဖြစ်ကြောင်း ဘူဂေးရီးယား ရှေးဟောင်းသုတေသနပညာရှင်များက မှန်းဆကြသည်။ **(ဓာတ်ပုံ-အင်တာနက်)**

## မြန်မာ့အလင်း ခေါင်းကြီး သတင်း ဆောင်းပါး အညွှန်း

"ယခုအခါ မြန်မာနိုင်ငံသည် နည်းပညာနယ်ပယ်တွင် ဂျပန်၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လာမည့်အနာဂတ်ကာလတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ပိုမိုတိုးတက် ဖြစ်ထွန်းလာတော့မည်။"

ခေါင်းကြီး(စာ-၂)

**"နိုင်ငံတော် အကြီးအကဲက ပြည်ထောင်စုလမ်းမကြီးများကို ကွန်ရက်သဖွယ် ဖောက်လုပ်စေရန် အမြော်အမြင်ကြီးစွာ လမ်းညွှန်ခဲ့"**

သင့်မြတ်သူ(ပစန)၏ ဆောင်းပါး(စာ-၁၀)

"အောက်ခြေပါတီဝင်တွေကလဲ လက်မှတ်ရေးထိုးတဲ့ အင်အားများများ ရအောင်လုပ်နိုင်တဲ့ ပါတီဝင်တွေကို ပါတီတိုင်းစည်းရုံးရေးကော်မတီ အဖွဲ့ဝင်ခန့်မယ်ဆိုတဲ့ ပါတီဌာနချုပ်ရဲ့ ဒီမိုကရေစီမက်လုံးပေးထားတဲ့ အမှာစကားရှိနေတော့"

ပေါက်စ၏ဆောင်းပါး(စာ-၃)